မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက်မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၁၈)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ သောကြာနေ့


## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၃

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် **စာမျက်နှာ ၅ ကော်လံ ၁ ⊃**




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ

နေပြည်တော် ဩဂုတ် ၁၃

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် **စာမျက်နှာ ၁၆ ကော်လံ ၁ ○**




## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည့် လူနာများကို ကုသမှုပေးလျက်ရှိသည့်အခြေအနေနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ပြောကြားချက်များ

**အင်တာဗျူး ➡ စာ - ၉ သို့**

**❝ လတ်တလောဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ပတ်သက်ပြီး ပြည်သူလူထုကြားမှာ စိုးရိမ်မှုတွေမြင့်မားနေတာသိရှိရပါတယ်။ လူနာအများကြီးရောက်လာတာမှန်သော်လည်း လူမှုကွန်ရက်ပေါ်မှာပြောနေကြသလို ရန်ကုန်ဆေးရုံကြီးမှာလူနာတွေပြည့်ကျပ်နေတယ်။ ပြင်ပလူနာမကြည့်တော့ဘူး။ အတွင်းလူနာလက်မခံတော့ဘူးဆိုတဲ့ သတင်းတွေမဟုတ်မမှန်ကြောင်းပြောချင်ပါတယ်။ ပြင်ပလူနာဌာနကိုလည်း ပုံမှန်အတိုင်းဆောင်ရွက်နေပြီး ရှိတဲ့အင်အားနဲ့ ဝမ်းပျက်ဝမ်းလျှောလူနာတွေကို စနစ်တကျပြုစုစောင့်ရှောက်ပေးနေတယ်ဆိုတာ အသိပေးပါရစေ။ ❞**

ဒေါက်တာမင်းဇော်ဦး

## စစ်ကိုင်းခရိုင်အတွင်း ဝါသီးနှံမျိုး ၃၇၆၉၆ ဧက လျာထားစိုက်ပျိုးလျက်ရှိ

မုံရွာ ဩဂုတ် ၁၃

စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ဝါသီးနှံများတိုးချဲ့စိုက်ပျိုးလျက်ရှိရာ ရွှေတောင်-၈၊ ရွှေတောင်-၁၀ နှင့် ရာကာ ဝါသီးနှံမျိုး ၃၇၆၉၆ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ စစ်ကိုင်းခရိုင် နတ်ခရိုင်ကျေးရွာရှိ တောင်သူ ဦးဆန်းမင်းထွန်း၏ ရာကာ ၆၆၆ မျိုး **စာမျက်နှာ ၆ ကော်လံ ၄ ▲**



## ဘဏ်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ MSME လုပ်ငန်းများသို့ ၎င်းတို့၏ငွေကြေးရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများပိုမိုဆောင်ရွက်နိုင်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်များတွင်ပြည်သူများစုဆောင်းထားသော အပ်နှံငွေများကို နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုကဏ္ဍများသို့ ထိရောက်စွာ စီးဆင်းရောက်ရှိစေရေးသည် ဘဏ်လုပ်ငန်းကဏ္ဍ၏ အရေးကြီးသည့် လုပ်ငန်းဆောင်ရွက်ချက်တစ်ခုဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ဘဏ်များအနေဖြင့် Financial Intermediary ဖြစ်ရုံသာမက **စာမျက်နှာ ၁၆ ကော်လံ ၄ ❐**

## ဆေးဝါးအမယ်သစ်ခြောက်မျိုးအား သုတေသနပြုစမ်းသပ်အောင်မြင်ခဲ့သူများကိုဂုဏ်ပြု

**စာ - ၁၁ သို့**

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၄ ရက်)

# နိုင်ငံ့ရတနာလူချွန်လူကောင်းများဖြစ်လာစေရေး

ယနေ့ကမ္ဘာကြီးသည် လျင်မြန်စွာတိုးတက်ပြောင်းလဲလျက်ရှိပေရာ မြန်မာနိုင်ငံသည်လည်းဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တိုးတက်သောပြောင်းလဲမှုများနှင့်အတူ တည်ငြိမ်အေးချမ်းပြီး သဟဇာတဖြစ်သည့်လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်ရန်လိုအပ်ပေသည်။ သို့မှသာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်အသီးအပွင့်များကိုဖော်ဆောင်နိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် မျိုးဆက်သစ်လူငယ်များ၏ ရင့်ကျက်သည့်အတွေးအခေါ်၊ မှန်ကန်သည့်လုပ်ရပ်စသည့် ပေါင်းစည်းအားများနှင့် ဆောင်ရွက်ကြမည်ဆိုပါက ပြည်သူများလိုလားသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုပန်းတိုင်သို့ရောက်ရှိရန် အထောက်အပံ့များစွာရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များအား အနာဂတ်နိုင်ငံတော်အတွက် ပြုစုပျိုးထောင်လေ့ကျင့်ပေးလျက်ရှိရာ လူငယ်များအားလုံးက မိမိတို့၏အနာဂတ်၊ နိုင်ငံတော်၏အနာဂတ်ကောင်းမွန်ရေးအတွက် လိုက်ပါဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာလူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်၊ အဓိကအင်အားဖြစ်သည့်အတွက် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဦးတည်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ယခင်အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို အားကစားရေးရာဝန်ကြီးဌာနနှင့် လူငယ်ရေးရာဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာန ၂ ခုကို သီးခြားစီ ပြင်ဆင်ဖွဲ့စည်းပေးခဲ့သည်။

လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူငယ်များ၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပြီး စွမ်းရည်များနှင့်အလားအလာကောင်းများ တိုးတက်မြင့်မားလာစေရေးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လူငယ်များအနေဖြင့် လူမှုအသိုက်အဝန်းအတွင်း အကျိုးရှိရှိပါဝင်ဆောင်ရွက်ခွင့်များရရှိစေပြီး နိုင်ငံတည်ဆောက်ရေး၏စွမ်းအားအသွင်ဖြစ်ထွန်းလာစေရမည်ဖြစ်သည်။ နည်းပညာတိုးတက်လာမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများသည် လူငယ်များ၏ပညာရေး၊ အလုပ်အကိုင်နှင့်စွန့်ဦးတီထွင်မှု အခွင့်အလမ်းများပိုမိုကျယ်ပြန့်အားကောင်းလာနေပြီဖြစ်သည်။ ဤသည်မှာ လူငယ်များအနေဖြင့် ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်နိုင်ရန်အတွက် အရေးပါလှသည့် တွန်းအားတစ်ရပ်နှင့်အခွင့်အရေးပင်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ်လ ၁၂ ရက်က ကျင်းပသည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ် **“နိုင်ငံတစ်လွှားက လူငယ်မောင်မယ်များအားလုံး အသိပညာ၊ အတတ်ပညာများနှင့် ပြည့်ဝနေရုံသာမက ခေတ်မီနည်းပညာတတ်ကျွမ်းမှုများနှင့်ပြည့်စုံအောင် ကြိုးစားကြရန်၊ မိမိတို့၏ အဖိုးတန်ထက်မြက်လှသည့်စွမ်းရည်များကို နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတာဝန်များကို လက်ဆင့်ကမ်း ပခုံးပြောင်းတာဝန်ယူနိုင်သည့်၊ နိုင်ငံတော်ကအားကိုးအားထားပြုနိုင်သည့် နိုင်ငံ့ရတနာလူချွန်လူကောင်းများဖြစ်လာအောင် ကြိုးစားလေ့ကျင့်ပျိုးထောင်ကြရန်”** တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် လူငယ်အင်အားအများအပြားပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်အရေအတွက်သည် ၈ ဒသမ ၄ သန်းကျော်၊ နိုင်ငံ့လူဦးရေစုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းကျော် ပါဝင်လျက်ရှိသည်။ အဆိုပါအရွယ်များသည် အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်ပညာသင်ကြားသည့်အရွယ်ဖြစ်သဖြင့် ကျောင်းနေရာခိုင်နှုန်းမြင့်မားအောင် ဆောင်ရွက်ပြီး စနစ်တကျသင်ကြားလေ့ကျင့်ပေးမည်ဆိုပါက အသိပညာ၊ အတတ်ပညာ ကြွယ်ဝသည့်လူငယ်များဖြစ်လာပေမည်။ အဆိုပါမျိုးဆက်သစ်လူငယ်အင်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသကဲ့သို့ ပိုမိုကောင်းမွန်သည့်အနာဂတ်ကိုပုံဖော်သည့်နေရာတွင်လည်း အဓိကမောင်းနှင်အားများပင်ဖြစ်ကြသည်။

မြန်မာလူငယ်များသည် နိုင်ငံတော်၏ အပြုသဘောဆောင်သည့် ကိုယ်စားလှယ်များအဖြစ် ကမ္ဘာ့အသိုက်အဝန်းနှင့်ရင်ပေါင်တန်းဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံတော်က စဉ်ဆက်မပြတ်အားပေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ခေတ်မီနည်းပညာနှင့် ဒီဂျစ်တယ်ကမ္ဘာကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်နိုင်စွမ်းရှိသည့် လူငယ်မျိုးဆက်သစ်များသည် ကမ္ဘာ့အသိုက်အဝန်းနှင့် ရင်ပေါင်တန်းပြီး အပြုသဘောဆောင်သည့် ပြောင်းလဲမှုများကို ဖော်ဆောင်ပေးနိုင်ကြသူများဖြစ်ကြသည်။ ပြောင်းလဲတိုးတက်နေသည့် ခေတ်နှင့်လျော်ညီအောင် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကြိုးစားလုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များကို ဗလငါးတန်နှင့် ပြည့်ဝစေရေးနှင့် နိုင်ငံတော်ကို တန်ဖိုးထားချစ်မြတ်နိုးပြီး မြန်မာ့လူ့အဖွဲ့အစည်းကို မြှင့်တင်လိုစိတ်နှင့် မှန်ကန်သည့်အတွေးအခေါ်များ၊ အလေ့အကျင့်ကောင်းများနှင့်ပြည့်ဝနေသည့် မျိုးဆက်သစ်လူငယ်များအဖြစ် ပြုစုပျိုးထောင်ပေးလျက်ရှိရာ **နိုင်ငံ့ရတနာလူချွန်လူကောင်းများဖြစ်လာစေရေး** ကြိုးစားကြရန်ဖြစ်ပါကြောင်း။ ။

## ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ဘုတလင်မြို့နယ်၌ ပဲစင်းငုံ ဧက ၂၆၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ဘုတလင် ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံဧက ၃၄၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၂၆၀၄၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲစင်းငုံသီးနှံဧက ၃၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၂၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လည်း ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်” ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ဘုတလင်မြို့နယ်၌ ပဲစင်းငုံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ဘုတလင်မြို့နယ်အတွင်းရှိ တောင်သူများအတွက် ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေးနှင့် ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ခေတ်မီနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

**သဇင်(FM)အသံလွှင့်အစီအစဉ်**

၁၄-၈-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၀၀ For Youth

၂။ ၁၀:၀၀ သတင်း/သီချင်း

၃။ ၁၃:၀၀ တိုင်းရင်းသားစကား ပြောကြရအောင်

၄။ ၁၇:၀၀ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား

၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ

၆။ ၂၁:၂၀ စာလာတယ်ဗျို့

Online Newspaper

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးမျိုးဝင်းရှိန် |
| စာတည်းမှူး(မြန်မာ) | - | ဦးရာဇာအောင် |
| စာတည်းမှူး(အင်္ဂလိပ်) | - | ဦးရဲမင်းတင် |
| စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် | - | ဦးတင်မောင်သန်း |
| စာတည်းအဖွဲ့(မြန်မာ) | - | ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ် ဆွေဇင်သိမ့် |
| စာတည်းအဖွဲ့(အင်္ဂလိပ်) | - | ဦးထက်မြတ်၊ ဒေါ်သီရိမွန် |
| သတင်းအဖွဲ့(နေပြည်တော်) | - | ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော် |
| သတင်းအဖွဲ့(ရန်ကုန်) | - | ဦးစံမင်းသူ |

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၃-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၃-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ (၁၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၁၃**

ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ (၁၈)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်၁၀ နာရီတွင်ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး မြန်မာဘာသာသို့ ပြန်ဆိုပြီးဖြစ်သည့် The Public Servants Inquiries Act၊ The Usurious Loans Act၊ The Myanmar Carriage of Goods by Sea Act နှင့် The Evidence Act တို့ကို ဆွေးနွေးအတည်ပြုမည်ဖြစ်ကြောင်းသိရသည်။

အစည်းအဝေးတွင် ဥပဒေဘာသာပြန်ကော်မရှင်ဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အင်္ဂလိပ်ကိုလိုနီလက်ထက်က အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သောဥပဒေများအနက် ဥပဒေဘာသာပြန်ကော်မရှင်က ဘာသာပြန်ဆိုရန်တာဝန်ရှိသည့် ဥပဒေစုစုပေါင်း ၁၃၇ ခုရှိကြောင်း၊ ဘာသာပြန်ဆိုရန် မလိုအပ်တော့သည့်ဥပဒေ ၅၆ ခုရှိသဖြင့် ဘာသာပြန်ဆိုရမည့် ဥပဒေစုစုပေါင်း ၈၁ ခုရှိကြောင်း၊ ထိုဥပဒေများအနက်မှဥပဒေ ၅၉ ခုကို မြန်မာဘာသာပြန်ဆိုကာ အတည်ပြုထုတ်ပြန်ပြီးဖြစ်ကြောင်း၊ အဆိုပါ ဘာသာပြန်ဆိုမှုများသည် မူရင်းအင်္ဂလိပ်ဘာသာဖြင့်ပြန်ဆိုထားသည့်ဥပဒေကဲ့သို့ တရားဝင်အတည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲဥပဒေ ၂၂ ခု အနက်မှ ၁၈ ခုကို ဘာသာပြန်ဆိုပြီးစီးပြီဖြစ်ပြီး လေးခုမှာ ဘာသာပြန်ဆိုဆဲဖြစ်ကြောင်း၊ ဥပဒေ ၃၃ ရပ်ကို မြန်မာဘာသာပြန်ဆိုအတည်ပြုခဲ့ပြီး ဥပဒေဘာသာပြန်စာအုပ်အမှတ်(၉)မှ(၁၆)အထိ စာအုပ်ရှစ်အုပ်ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ကြောင်း၊ ယခင် (၁၇)ကြိမ်မြောက်အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုခဲ့သော ဥပဒေ ငါးခုကို စာအုပ်အမှတ် (၁၇)အဖြစ် မကြာမီပုံနှိပ်ထုတ်ဝေနိုင်တော့မည်ဖြစ်ကြောင်း၊ ဘာသာပြန်ဆိုချက်များ ဆီလျော်မှန်ကန်မှုရှိစေရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးကို ဩဂုတ်လ ၁၃ ရက်မှ ၁၄ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များမှအဖွဲ့ဝင်များ စုံလင်စွာတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

# ထန်းတပင်မြို့နယ်၌ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တာဝန်ရှိသူများက ထန်းတပင်မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်များ၌ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များပူးပေါင်းကာ မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်ရှိ ဈေးဆိုင်များ၌ သန့်ရှင်းစွာရောင်းချမှုရှိ၊ မရှိ စစ်ဆေးပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထန်းတပင်မြို့နယ်အတွင်း ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်၍ အသိပညာပေးလုပ်ငန်းများနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# သာယာဝတီမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသ

**သာယာဝတီ ဩဂုတ် ၁၃**

ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် လူတော်လူကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဥပဒေရုံး၊ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(သာယာဝတီ)၊ မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသခြင်းကို ယမန်နေ့က သာယာဝတီမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (သဲဖြူ)၌ ဆောင်ရွက်သည်။



အဆိုပါဟောပြောပွဲတွင် သာယာဝတီခရိုင် ဥပဒေအရာရှိ ဦးစန်းဋ္ဌေးက ဥပဒေပညာ အသိပညာပြန့်ပွားရေးအကြောင်း၊ အမှတ် (၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ် (သာယာဝတီ)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသောပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ Social Media အသုံးပြု၍ နည်းမျိုးစုံဖြင့် စည်းရုံးနေမှုများကို သတိပြုဆင်ခြင်နိုင်ရေးဟောပြောပြီး မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး မိုးသဲအောင် (ပန်းမြေ)က လူငယ်နှင့်စာပေအကြောင်း အသိပညာပေးဟောပြောကာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က ကျောင်းသား၊ ကျောင်းသူများ မိမိဘဝအတွက် ရည်မှန်းချက်ပန်းတိုင်ထားရှိပြီး ပညာကို ကြိုးစားသင်ယူသင့်ပုံနှင့် အားလပ်ချိန်များတွင် ပြင်ပဗဟုသုတများရရှိစေရေးနှင့် စာဖတ်သည့်အလေ့အထကောင်းများရရှိစေရေး စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာရန်လိုအပ်ကြောင်းနှင့် စာဖတ်ခြင်းဖြင့်ရရှိစေနိုင်သည့်ကောင်းကျိုးများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်နှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းဆွေးနွေး

**ဟိုပုံး ဩဂုတ် ၁၃**

ဒေသခံပြည်သူများ၏ လိုအပ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခက်အခဲများနှင့် ပြည်သူများ၏ အကြံပြုချက်များကို သိရှိနိုင်ရေးအတွက် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စု ဖာလဲကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့စကားဝိုင်းကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ကောင်းချစ်ထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းတို့က ဌာနအလိုက် ဆောင်ရွက်လျက်ရှိသော ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မိုင်းပျဉ်းကျေးရွာအုပ်စု၊ နားပုံကျေးရွာအုပ်စုနှင့် နမ့်ပါချီးကျေးရွာအုပ်စုတို့မှ တက်ရောက်လာသော ဒေသခံပြည်သူများက မိမိတို့ဒေသအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတိုးတက်စေရေး ပြန်လည်ဆွေးနွေးကြသည်။

ပြည်သူ့စကားဝိုင်းများ ကျင်းပပေးခြင်းဖြင့် ပြည်သူများ၏လိုအပ်ချက်များကို သိရှိနိုင်ပြီး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းလာစေရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## မြဝတီ ကာတွန်း



# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

တစ်နေ့သ၌ မောင်ထွန်းမြတ်သည် ရုံးမှပြန်လာ၍ ခင်စိန်ကြည်ထံလာပြီးလျှင် "ဟော ဒီမှာ ခင်ရေ့ ဧည့်သည်တစ်ယောက် လာလိမ့်မယ်၊ အခန်းများပြင်ဆင်ပြီးရှိရဲ့ မဟုတ်လား" ဟုပြောလျှင် "ပြင်တာ မကြာပါဘူး ဘယ်သူလာမလို့လဲ"

"မောင်သက်ညွန့်"

"ဘယ်သူ"ဟု ထိတ်လန့်အံ့ဩသော မျက်နှာထားနှင့်ထပ်၍မေးလျှင်-

"မောင်သက်ညွန့်လေ ဒီကနေ့ပဲ စာရတယ်၊ ကိစ္စကလေးတစ်ခုရှိလို့တဲ့၊ သူ့မိတ်ဆွေများလည်းတွေ့ရင်းတဲ့၊ သူ့ကျေးဇူးလည်း ရှိပါပေတယ်၊ မိတ္ထီလာတုန်းက ခင့်ကိုစောင့်ရှောက်ပေးတဲ့အတွက် အပုံကြီး ကျေးဇူးတင်ဖို့ကောင်းတယ်မဟုတ်လား ခင်ရဲ့"

ခင်စိန်ကြည်သည် မောင်သက်ညွန့်လာမည့်အကြောင်းကိုကြားလျှင်ကြားချင်း ရုတ်တရက်ဝမ်းမြောက်သောစိတ်ဖြစ်၍ သွားလေ၏။ သို့သော်လည်း သတိရသည်နှင့် စိတ်ကိုသိမ်းဆည်း၍ မောင်သက်ညွန့် မိမိတို့နှင့်အတူ လာရောက်နေထိုင်ရန် အလျှင်းမတော်သင့်ချေဟု အောက်မေ့မိပြီး မိမိလင်အား ၎င်းလူကို လက်သင့်မခံရန် မည်သို့ပြောရပါမည်ဟု ကြံစည်ရှာလေ၏။ သို့သော်လည်း ပြောရန်အကြောင်းရှာ၍ မတွေ့နိုင်ဘဲရှိရာ မောင်ထွန်းမြတ်သည် ခင်စိန်ကြည်၏မျက်နှာကိုမြင်သဖြင့်-

"ကြာမယ်လည်း မဟုတ်ပါဘူးခင်ရယ်၊ လေးငါးရက်လောက်ပါပဲ ထင်ပါရဲ့"

"ဟုတ်ပါပြီ၊ ဘာကိစ္စလို့တဲ့လဲ"

"သူ့ကိစ္စတော့ ဘယ်သိမလဲ၊ စာထဲမှာလည်း မပါဘူး၊ ခင်ကမလာစေချင်ဘူးလား"

"ဟုတ်တယ်"

"ဘာပြုလို့လဲ"

"အို ... ဘာမှမဖြစ်ပါဘူး၊ ဒီအိမ်မှာ မတည်းစေချင်လို့ပေါ့"

"အခုမှတော့ မတတ်နိုင်ဘူးခင်ရေ့၊ မိတ္ထီလာတုန်းကတော့ ကိုယ်ကဖိတ်ခဲ့မိပါပေတယ်၊ ဒီလိုမှန်းသိရင် ဖိတ်မယ်မဟုတ်ပါဘူး"

"ဘယ်တော့ရောက်မလဲ"

"မနက်ဖြန်ရောက်လိမ့်မယ်"

နောက်တစ်နေ့နံနက်၌ ခင်စိန်ကြည်သည် အိမ်ပေါ်မှ အိမ်အောက်သို့မဆင်းဘဲ အိမ်ခန်းထဲတွင် ထိုင်လျက်ရှိစဉ် ခင်မကြီးသည် အခန်းတွင်းသို့ပြေးဝင်လာ၍ "မေမေ အိမ်အောက်မှာ လူကြီးတစ်ယောက်လာတယ်၊ လူကြီးကလေ ကျွန်မကိုဖမ်းပြီး ညှစ်တယ်မေမေရဲ့၊ ဒီလူကြီး ကျွန်မမုန်းပါတယ်၊ သူက မေမေနဲ့ဖေဖေ့ကိုမေးနေတယ်"

"သွား...သမီး၊ မင်းဖေဖေသွားပြောလိုက်၊ မေမေတော့ ခေါင်းကိုက်လို့ အောက်မဆင်းနိုင်ဘူးလို့ မင့်ဖေဖေပြောလိုက်"

မောင်ထွန်းမြတ်လည်း ခင်မကြီးက ပြော၍ အိမ်အောက်သို့ဆင်းသွားပြီးလျှင် မောင်သက်ညွန့်၏ပစ္စည်းများကို အစေခံတို့အား ယူသွားစေ၍ မောင်သက်ညွန့်ကို နေရာထိုင်ခင်းပေးပြီးလျှင် ကောင်းမွန်စွာ ဧည့်ခံလျက်ရှိလေ၏။

မောင်သက်ညွန့်လည်း ကလေးသုံးယောက်ကိုမြင်၍ "တယ်ချောတဲ့ကလေးလေးတွေ၊ မျက်နှာကလေးတွေကလည်း တစ်ဆင်တည်းလိုပဲ"

"ဟုတ်တယ် အားလုံးလိုပဲ သူတို့မေမေ တူကြတယ်၊ သူတို့မေမေငယ်ငယ်ကလည်း ဒီလိုပဲ"

"ဩော်...ငယ်ငယ်ကတည်းက သိကျွမ်းကြတယ်မှတ်တယ်"

"ရွှေဘိုမှာတုန်းက အိမ်နီးချင်းပါပဲ"

မောင်သက်ညွန့်လည်း ထိုင်ရာမှထ၍ ခင်မကြီးကိုဖမ်းပြီးလျှင်-

"ကဲ...ဒီတစ်ခါတော့ မိပြီ၊ ခုတင်က ဘာပြုလို့ ထွက်ပြေးရသလဲ" ဟုမေးရာ "ကျွန်မထွက်ပြေးတာမဟုတ်ပါဘူး၊ မေမေနဲ့ဖေဖေ့ကိုသွားပြောတာပါ" ဟု ပြော၍ ရုန်းလေလျှင် မောင်သက်ညွန့်လည်း ကလေးကိုမလွှတ်ဘဲရှိရာ ခင်မကြီးလည်း "ကျွန်မကို ဒီလိုဖက်ထားတာမကြိုက်ပါဘူး" ဟု ပြောရင်းငိုလေ၏။

မောင်သက်ညွန့်လည်း ရယ်မောလျက်သာ၍ပင် မြဲအောင်ဖက်ထားလေလျှင် မောင်ထွန်းမြတ်လည်း ထိုင်ရာမှထ၍ ကလေးကိုယူပြီးလျှင် မိမိဒူးပေါ်တွင် တင်ထားရာ ခင်မကြီးသည် ဖခင်၏လည်ပင်းကိုဖက်၍ "ဖေဖေ ဒီလူကြီး ကျွန်မကြောက်ပါတယ်၊ နောက်တစ်ခါ ကျွန်မကို မချီပါစေနဲ့ ဖေဖေရဲ့၊ သူ့မျက်နှာထား ကျွန်မ မကြိုက်ပါဘူး"ဟု နားနားသို့ကပ်၍ တီးတိုးပြောလေ၏။ မောင်ထွန်းမြတ်လည်း ခင်မကြီးကိုဖက်ထားပြီးလျှင်-

"ကိုသက်ညွန့်က ကလေးများနဲ့မနေဖူးဘူးမှတ်တယ်၊ သူတို့က အင်မတန်သိတတ်တယ်"

"တယ်ပွေတဲ့ဟာကလေးတွေပဲ ကျွန်တော်ဖြင့် ရှုပ်တယ်အောက်မေ့တာပဲ၊ ကလေးတွေမေမေကော မမြင်ပါကလား"

"ခင်စိန်ကြည်က ဒီကနေ့မနက် ခေါင်းကိုက်လို့ အိမ်ပေါ်က မဆင်းပါရစေနဲ့တဲ့"

နောက်တစ်နေ့ညနေ၌ ဝန်ထောက်ကတော် ဒေါ်အေးမြနှင့်သမီး မိမိရီတို့သည် မောင်ထွန်းမြတ်အိမ်သို့ လမ်းလျှောက်လာကြ၍ ဝင်းပေါက်သို့ဝင်မိလျှင် မောင်ထွန်းမြတ်လင်မယားနှင့် မဂျမ်းပုံတို့လည်း ဝင်းအနီးထိုင်ခုံတစ်ခုပေါ်၌ ထိုင်လျက်နေကြသည်နှင့်တွေ့လျှင် ခင်စိန်ကြည်က "အလို....ဒေါ်ဒေါ်တို့လား၊ ဘယ်က မျက်စိလည်လာကြသလဲ၊ စားသောက်ပြီးခဲ့ကြပြီလား၊ ကျွန်မတို့လည်း အခုပဲပြီးတယ်၊ လက်ဖက်ရည်သောက်ပြီးမှ ပြန်ရလိမ့်မယ်နော်"ဟု ပြောလျှင် ဝန်ထောက်ကတော်ကြီးက-

"ဒုက္ခမရှာပါနဲ့ တူမကြီးရယ် ဒေါ်ဒေါ်တို့ပြီးခဲ့ပါပြီ"ဟု ပြောရာ-

"ပြီးခဲ့ရင်ကော နောက်ထပ်မသောက်ရဘူးလား ဒေါ်ဒေါ်ရဲ့၊ ဒေါ်ဒေါ်က အင်မတန်လက်ဖက်ရည်ကြိုက်ပါတယ်" စသည်ဖြင့်ပြောဆိုနေကြဆဲတွင် မောင်သက်ညွန့်သည် ခင်မောင်ကြီးကိုလက်ဆွဲ၍ မနီးမဝေးတွင်ရပ်လျက် "ဘယ်ကဟာတွေပါလိမ့်မယ်၊ သားအမိနဲ့တူတယ်၊ မိန်းကလေးက တယ်နိမ့်ပါကလား၊ သွားကြည့်ဦးမှတော်မယ်"ဟု အောက်မေ့၍ အနီးသို့ချဉ်းလေ၏။

ထိုအခါ မောင်ထွန်းမြတ်က "ရန်ကုန်က ကျွန်တော်တို့မိတ်ဆွေ ကိုသက်ညွန့်တဲ့" ဟု ဝန်ထောက်ကတော်ကြီးအား ပြောပြီးလျှင် မောင်သက်ညွန့်ဘက်သို့ တစ်ဖန်လှည့်ကာ "ကျွန်တော်တို့ဒေါ်ဒေါ် ရာဇဝတ်ဝန်ထောက်ကတော် သားအမိပါပဲ၊ ကျွန်တော်တို့မိခင်မရှိတဲ့နောက် ဒီကဒေါ်ဒေါ်က မိခင်ကိုယ်စားပါပဲ"ဟု မောင်သက်ညွန့်အား ပြောလေ၏။ ၎င်းနောက် အရပ်ရပ်စကားများကို တစ်ယောက်တစ်ခွန်းပြောဆိုကြပြီးနောက် မောင်သက်ညွန့်လည်း မိမိရီ၏မျက်နှာထားကို သဘောမကျသည်နှင့် ခင်မောင်ကြီးကိုခေါ်ပြီးလျှင် ပြေးတမ်းလိုက်တမ်းကစားလျက်ရှိနေကြလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

ခင်စိန်ကြည်သည် မောင်သက်ညွန့်လာမည့်အကြောင်းကို ကြားလျှင်ကြားချင်း ရုတ်တရက်ဝမ်းမြောက်သောစိတ်ဖြစ်၍ သွားလေ၏။ သို့သော်လည်း သတိရသည်နှင့် စိတ်ကို သိမ်းဆည်း၍ မောင်သက်ညွန့် မိမိတို့နှင့်အတူ လာရောက် နေထိုင်ရန် အလျှင်းမတော်သင့်ချေဟု အောက်မေ့မိပြီး မိမိ လင်အား ၎င်းလူကိုလက်သင့်မခံရန် မည်သို့ပြောရပါမည်ဟု ကြံစည်ရှာလေ၏။ သို့သော်လည်း ပြောရန်အကြောင်းရှာ၍ မတွေ့နိုင်ဘဲရှိရာ မောင်ထွန်းမြတ်သည် ခင်စိန်ကြည်၏ မျက်နှာကိုမြင်သဖြင့် . . .

---

## ကော့ကရိတ်မြို့နယ်၌ မိုးစပါးများအချိန်မီစိုက်ပျိုးနိုင်ရန် တောင်သူအသိပညာပေးဆွေးနွေးပွဲကျင်းပ



ကော့ကရိတ် ဩဂုတ် ၁၃

စိုက်ပျိုးရေးဦးစီးဌာနမှ ရာသီဥတုပြောင်းလဲလာမှုနှင့်အညီ စီမံကိန်းလျာထားချက်များ ပြည့်မီစေရေးအတွက် မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် အောင်ရေရရှိရေး ကြိုတင်ဆောင်ရွက်နိုင်ရန် တောင်သူအသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၂ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အယ်နီညိုဖြစ်စဉ်နှင့်အကျိုးသက်ရောက်မှုများအပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ တောင်သူများက သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာဌာနများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ကျုံဒိုးမြို့ စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

---

## ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ် ၄၃၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့

ဇလွန် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ် ၄၃၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ်၌ ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်တင်ဌွေး၏ပြောဆိုချက်အရ သိရသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လတစ်လတာကာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ် ၃၅၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ် ၄၃၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဇလွန်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လအတွင်းမှာ မတ်ပဲ ၁၆ ပြည်ဝင်အိတ် ၄၃၀၀၀ လောက် တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိလည်း ဒေသထွက်ပဲမျိုးစုံကို ရန်ကုန်ဈေးကွက်ဘက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်လိုအားကောင်းလာတာကြောင့် ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းလာတာဖြစ်ပါတယ်။ ဒေသထွက်ပဲတွေ၊ စပါးတွေကို ကုန်သည်၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတွေက ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချကြတာပါ" ဟု ဒေါ်တင်တင်ဌွေးကပြောသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲများ ဈေးကောင်းရရှိခြင်းနှင့် ဝယ်လိုအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

## ညီညွတ်ရေးက အရေးကြီး

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၄ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)**

၁ ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘာသာရပ်ဆိုင်ရာအကဲဖြတ်ပညာရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးခြင်းနှင့် အမျိုးသားယဉ်ကျေးမှုကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အလွန်အရေးပါသည့် အစည်းအဝေးတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအစဉ်အလာများကို နှစ်ပေါင်းထောင်ချီ ထိန်းသိမ်းလာခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အဆိုပါယဉ်ကျေးမှုအမွေအနှစ်များထဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များသည် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်၊ အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့်လူနေမှုဘဝများကို ထင်ဟပ်ဖော်ပြနေသည့် အဖိုးတန်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များပင်ဖြစ်ကြောင်း။

ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုကူးလူးယှက်နွယ် ဖလှယ်မှုများသည် အရှိန်အဟုန်မြင့်တက်လာသည်နှင့်အမျှ မိမိတို့၏ မူရင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြန်လည်ဖော်ထုတ်မြှင့်တင်ခြင်းတို့အပြင် မျိုးဆက်သစ်များ စိတ်ပါဝင်စားလာစေပြီး လက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်နိုင်ရန် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပပေးခြင်းသည် အနိုင်အရှုံးကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ မျိုးဆက်သစ်အနုပညာရှင်များ ဖော်ထုတ်ပေးနိုင်ရန်၊ ရိုးရာအနုပညာရပ်များ ရှင်သန်ဖွံ့ဖြိုးစေရန်၊ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်များ တိုးပွားစေရန်နှင့် နိုင်ငံတော်၏အမျိုးသားရေးကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးနိုင်ရန် စသည်တို့အတွက် အရေးပါသည့်အမျိုးသားအဆင့်ယဉ်ကျေးမှုပွဲတော်ကြီးတစ်ရပ်ဖြစ်ကြောင်း။

ယခုကျင်းပမည့် (၂၇)ကြိမ်မြောက် ပြိုင်ပွဲသည် ယခင်ကျင်းပခဲ့သည့် ပြိုင်ပွဲများ၏ ကောင်းမွန်သည့် အတွေ့အကြုံများကို အခြေခံပြီး ပိုမိုစနစ်ကျနစွာဖြင့် အရည်အသွေးရှိရှိ ကျင်းပနိုင်ရေးကို ရည်မှန်းထားရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတိကျစွာချမှတ်ဆောင်ရွက်ရန်၊ အကဲဖြတ်မှုများကို မျှတပွင့်လင်းပြီး ပညာရှင်ဆန်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပြိုင်ပွဲဝင်များ၏ အရည်အချင်းကိုမှန်ကန်စွာ သုံးသပ်အကဲဖြတ်နိုင်ရန် အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေး၊ အနုပညာရပ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားယဉ်ကျေးမှုကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူစွာဖော်ဆောင်နိုင်ရေးတို့အတွက် အစဉ်တစိုက်အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုကျင်းပမည့်ပြိုင်ပွဲကိုလည်း အမျိုးသားစည်းလုံးညီညွတ်မှု၊ ယဉ်ကျေးမှုဂုဏ်သိက္ခာနှင့် မြန်မာ့အနုပညာအစဉ်အလာများကို ပိုမိုထင်ဟပ်ဖော်ဆောင်ပြီး အောင်မြင်သည့်ပြိုင်ပွဲတစ်ရပ်ဖြစ်လာစေရေးအတွက်အားလုံးကစိတ်ရင်းစေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

(၂၇)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကောင်းမွန်သည့် စီစဉ်ဆောင်ရွက်မှုများ၊ လိုအပ်သည့် ကြိုတင်ပြင်ဆင်ကြိုးပမ်းအားထုတ်မှုများနှင့် ကျင်းပဆောင်ရွက်နိုင်ရန်သာမက ဗဟိုအဆင့်ကျင်းပသည့် ယခုပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံသားများ၏ အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ထင်ဟပ်ဖော်ပြနေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်စေရန်အတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးတင်ပြပေးကြရန် အလေးအနက်တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပြိုင်ပွဲကျင်းပသွားမည့် လုပ်ငန်းအစီအစဉ်များနှင့် ဆုများပေးအပ်ချီးမြှင့်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအေးထွန်းက ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် လုပ်ငန်းတာဝန်များဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက်သက်ဆိုင်ရာကဏ္ဍအလိုက်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **မြဝတီ**

❖ **မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအစဉ်အလာများကို နှစ်ပေါင်းထောင်ချီထိန်းသိမ်းလာခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များသည် မြန်မာလူမျိုးတို့၏စိတ်ဓာတ်၊ အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့်လူနေမှုဘဝများကို ထင်ဟပ်ဖော်ပြနေသည့် အဖိုးတန်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များပင်ဖြစ် . . .**

❖ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပပေးခြင်းသည် အနိုင်အရှုံးကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ မျိုးဆက်သစ်အနုပညာရှင်များဖော်ထုတ်ပေးနိုင်ရန်၊ ရိုးရာအနုပညာရပ်များရှင်သန်ဖွံ့ဖြိုးစေရန်၊ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်များတိုးပွားစေရန်နှင့် နိုင်ငံတော်၏အမျိုးသားရေးကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးနိုင်ရန် စသည်တို့အတွက်အရေးပါသည့် အမျိုးသားအဆင့်ယဉ်ကျေးမှုပွဲတော်ကြီးတစ်ရပ်ဖြစ် . . .**

## မော်လမြိုင်(ငန်းတေး)ဓာတ်အားခွဲရုံ၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ဓာတ်အားပေးစက်ရုံများတွင် ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်မည်

နေပြည်တော် ဩဂုတ် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ ၆၆/၃၃/၁၁ ကေဗွီ၊ (၃၀+၃၀+၂၀) အမ်ဗွီအေ မော်လမြိုင်(ငန်းတေး) ဓာတ်အားခွဲရုံကို လိုအပ်သည့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဩဂုတ်လ ၁၅ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေစဉ် အဆိုပါဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော မော်လမြိုင်မြို့ပေါ် ၁၈ ရပ်ကွက်နှင့် ကျေးရွာ ကိုးရွာ၊ ကျိုက်မရောမြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာ ၄၁ ရွာ၊ မုဒုံမြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာ ၃၅ ရွာတို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါသဖြင့် ဓာတ်အားပြတ်ဧရိယာများရှိစက်ရုံ/အလုပ်ရုံများနှင့် ဓာတ်အားသုံးစွဲသူ ပြည်သူများကို ကြိုတင်အကြောင်းကြားထားပြီးဖြစ်သည်။

ထို့အတူ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်အတွင်းရှိ ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လွှတ်မှုများအား နိုင်ငံတော်ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုသယ်ဆောင်နိုင်ရန်၊ ဓာတ်အားစနစ်တည်ငြိမ်စေရန်နှင့် ဗို့အားတိုးတက်ကောင်းမွန်စေရန်အတွက် ၁၃၂ ကေဗွီ တီကျစ်-ကလော ဓာတ်အားလိုင်း၏ လက်ရှိအလူမီနီယံ သတ္တုလျှပ်ကူးကြိုး(ACSR) ကို ဝန်အားနှစ်ဆကျော်အထိ တိုးမြှင့်သယ်ဆောင်နိုင်သည့် နည်းပညာမြင့်ဖိုက်ဘာအူတိုင် အလူမီနီယံဓာတ်အားလိုင်းကြိုး (ACCC) ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ဩဂုတ်လ ၁၄ ရက် နံနက် ၆ နာရီမှ ဩဂုတ်လ ၁၆ ရက် ည ၆ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်စဉ်လိုအပ်ပါက ဝန်အားထိန်းညှိဆောင်ရွက်မည်ဖြစ်ပြီး သက်ဆိုင်ရာပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှတစ်ဆင့် ပြည်သူသို့အသိပေးထားပြီးဖြစ်ကြောင်းနှင့် ဓာတ်အားလိုင်းကြိုးလဲလှယ်ပြီးပါက ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ထုတ်လွှတ်သောလျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုပို့လွှတ်နိုင်မည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**မြဝတီ**

# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ပဲခူးခရိုင်အဆင့်) ဖွင့်ပွဲအခမ်းအနားကျင်းပ



ပဲခူး သြဂုတ် ၁၃

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး အောက်ထပ်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ခရိုင်အဆင့်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ပဲခူးခရိုင်အဆင့်)ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးကအမှာစကားပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။

ထို့နောက် အကပြိုင်ပွဲဝင်တစ်ဦးက သဘင်သည်မလေး မနှင်းဆီသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ပြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များက ဆက်လက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ပဲခူးခရိုင်အဆင့်)ပြိုင်ပွဲအား သြဂုတ်လ ၁၃ ရက်မှ ၁၄ ရက်အထိကျင်းပမည်ဖြစ်ပြီး ပဲခူးခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင် ဦးရေ ၉၃ ဦးပါဝင်ကာ အဆိုဘာသာရပ်၌ ခေတ်ဟောင်းကာလပေါ်၊ မဟာဂီတ၊ အမျိုးဂုဏ်/ဇာတိဂုဏ်တေးသီချင်းများ အားလည်းကောင်း၊ အကဘာသာရပ်၌ တစ်ဦးချင်းအက၊ ကဗျာလွတ်အက၊ ရုပ်သေးအကတို့အားလည်းကောင်း၊အရေး ဘာသာရပ်အားလည်းကောင်း၊ အတီး ဘာသာရပ်၌ ပတ္တလား၊ စောင်း၊ တယော၊ မယ်ဒလင်၊ စန္ဒရား၊ ဆိုင်း(တစ်ဦးချင်း)၊ ဆိုင်း(အဖွဲ့လိုက်)၊ဂီတာတို့ဖြင့်လည်းကောင်း အသီးသီးပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (၄၁၀)

▲ **ရှေ့ဖုံးမှအဆက်**

ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးစံပြကွက်ကို သွားရောက်ကြည့်ရှုအားပေးသည်။


ထိုသို့ သွားရောက်စဉ်ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများနှင့်တွေ့ဆုံပြီး ဝါသီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးသွားရေး၊ ဓာတ်မြေဩဇာများစနစ်တကျသုံးစွဲသွားရေးနှင့် ဝါခူးဆွတ်ချိန်တွင် လေလွင့်မှုမရှိအောင် စနစ်တကျခူးဆွတ်သွားရေး၊ စိုက်ပျိုးရေရရှိရေး၊ လယ်ယာသုံးစက်မောင်းဆီများရရှိရေး၊ ဓာတ်မြေဩဇာရရှိရေးနှင့် နည်းပညာအကူအညီများရရှိစေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ထို့ပြင် စစ်ကိုင်းစက်မှုဇုန်ရှိတစ်ရက်လျှင် ၂/၃၂ ချည်လုံး ၂၂ ပေါင်အိတ်၊ ၄၅ အိတ် ထုတ်လုပ်နေသည့် အောင်စိန်ချည်မျှင်စက်ရုံ၊ စစ်ကိုင်းမြို့နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နန်းဦးမြို့သစ်ရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းခွင်၊ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်းတို့ဖြစ်ပေါ်နိုင်

နေပြည်တော် သြဂုတ် ၁၃

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်- ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှသြဂုတ်လ ၁၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။





မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက် လေပြင်းများကျရောက် ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်- ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင်ဖြစ်ပေါ်နေသောအားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင်နေထိုင်ကြသူများအနေဖြင့်ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့်ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။

မိုးကြီးမည့်သတိပေးချက်နှင့်ပတ်သက်သည့်အခြေအနေများအား အချိန်နှင့် တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

(မိုး/ဇလ)




## စာဖတ်ရှိန်မြှင့်မားရေးအသိပညာပေးဟောပြော

ကြံခင်း သြဂုတ် ၁၃

ကျောင်းသား၊ ကျောင်းသူများ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံလာစေရန်နှင့် ပြင်ပဗဟုသုတများကြွယ်ဝလာစေရန် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့မရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း(မြို့မမြောက်)၌ စာဖတ်ရှိန်မြှင့်မားရေး အသိပညာပေးဟောပြောပွဲကို သြဂုတ်လ ၁၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း(မြို့မမြောက်) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကေသွယ်ရှင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုးမြင့်က ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံလာစေရန် စာဖတ်ရှိန်မြှင့်မားရေး အသိပညာပေးလုပ်ငန်းများကို အခြေခံပညာကျောင်းများနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီးနောက် လူငယ်နှင့်ရိုးသားမှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်မေသဥ္ဇာနှင်းက စာကြည့်တိုက်နှင့်လူငယ် ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောကြသည်။

ဆက်လက်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပပြီး ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ဦးစီးမှူးက အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် စာစီစာကုံး ကဗျာ ပန်းချီ ကာတွန်း ပိုစတာပြိုင်ပွဲများကျင်းပ



**မြဝတီ ဩဂုတ် ၁၃**

ကရင်ပြည်နယ် မြဝတီမြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် အထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို ဩဂုတ်လ ၁၂ ရက် နံနက်ပိုင်းတွင် မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါအထက်တန်းအဆင့်စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများတွင် အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား ၁၃ ဦး၊ ကျောင်းသူ ၂၆ ဦး စုစုပေါင်း ၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများတွင် အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ၁၃ ဦး၊ ကျောင်းသူ ၂၈ ဦး စုစုပေါင်း ၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အလားတူ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများတွင် အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ကျောင်းသား ၁၀ ဦး၊ ကျောင်းသူ ၂၀ ဦး စုစုပေါင်း ၃၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(၄၀၆)

# သဘာဝမြေသြဇာ EM ဘိုကာရှီပြုလုပ်နည်း လက်တွေ့သရုပ်ပြသ



**နတ်မောက် ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ သဘာဝမြေသြဇာ EM ဘိုကာရှီ ပြုလုပ်နည်း လက်တွေ့သရုပ်ပြသခြင်းကို ဩဂုတ်လ ၁၃ ရက် နံနက်ပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများနှင့်တောင်သူများ ပူးပေါင်း၍ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်သူများ သဘာဝမြေသြဇာ တိုးချဲ့အသုံးပြုလာစေရန်၊ မြေသြဇာဖိုးကုန်ကျမှုသက်သာစေရန်၊ တောင်သူများလက်တွေ့လိုက်ပါပြုလုပ်လာစေရန်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံစိုက်ခင်းများတွင် ဓာတ်မြေသြဇာ လျှော့ချ၍ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနိုင်ရန်အတွက် EM ဘိုကာရှီ မြေဆွေး ပြုလုပ်နည်းများကို တောင်သူများနှင့် ပူးပေါင်း၍ လက်တွေ့သရုပ်ပြကြသည်။

အဆိုပါ EM ဘိုကာရှီမြေဆွေးပုံများ လက်တွေ့ပြုလုပ်ပြသရာသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

လှဝင်း

# တောင်သူများအား မျိုးစေ့နှင့်သွင်းအားစု ပံ့ပိုးငွေပေးအပ်

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ သမဝါယမစနစ်ကိုအခြေခံပြီး စုပေါင်းဆောင်ရွက်သည့် စနစ်တကျ စိုက်ပျိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသခံတောင်သူများအား မျိုးစေ့နှင့်သွင်းအားစု ပံ့ပိုးငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်လ ၁၂ ရက် နံနက်ပိုင်းတွင် မရဲ့အုန်းပင်စုကျေးရွာရှိဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က စုပေါင်းလယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးနှင့် တောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များကို အထောက်အကူဖြစ်စေရေးအတွက် ပံ့ပိုးငွေများ ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပံ့ပိုးငွေများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာအသုံးချပြီး အထွက်နှုန်းကောင်းမွန်ရေးနှင့် လယ်ယာလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူအောင်က စုပေါင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးစရိတ်သက်သာခြင်း၊ ဈေးကွက်တွင်သင့်တော်သည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်ခြင်းကြောင့် တောင်သူတစ်ဦးချင်း ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စုပေါင်းလယ်ယာဆောင်ရွက်သည့် တောင်သူများအား ပံ့ပိုးငွေ စုစုပေါင်းငွေကျပ် ၂၅၀ ဒသမ ၂၁၅ သန်း ပေးအပ်ကြောင်းသိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

# သာစည်မြို့ လူထုအခြေပြုဇဟိုဌာန၌ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ

**သာစည် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာန၌ ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဩဂုတ်လ ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာအောင်ပိုင်က စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ စာဖတ်အားကောင်းလာမည်ဖြစ်ကြောင်းနှင့် မိမိတို့ဖတ်ထားသည်များကို ရဲဝံ့စွာပြောဆိုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကိုစတင်ရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ကိုးဦးတို့က စာရေးဆရာဖေမြင့်ရေးသားသည့် ဘဝတိုးတက်မှုအတွက်စာဖတ်ခြင်းစာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အမှတ်(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၂၆(သောကြာနေ့)

- ၁။ ၀၆:၀၃ တရားတော်
- ၂။ ၀၇:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
- ၃။ ၀၇:၁၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၄။ ၀၉:၄၀ ကျန်းမာသုတ
- ၅။ ၁၂:၁၅ လေးစားအတုယူစံနမူနာသူရဲကောင်းများ
- ၆။ ၁၃:၁၅ တစ်ပတ်အတွင်း ထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်များ
- ၇။ ၁၃:၅၀ ဝေမျှဆွေးနွေးလူငယ့်အရေး
- ၈။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း “လူရိုး” သရုပ်ဆောင်-နေနော်၊ ဆုဆု၊ ဒေါင်းဝေ၊ ပန်းအိဝေ ဒါရိုက်တာ-တင်အောင်စိုး (ပန်းမြို့တော်)**

# ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် ပေါ်ဆန်းရင်မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြသ



**ကန့်ဘလူ ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနသည် ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် ပေါ်ဆန်းရင်မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် ညောင်ပင်ကြီးကျေးရွာအုပ်စု အင်ဖက်တောကျေးရွာ ကွင်းအမှတ် ၅၈၈၊ မှန်ရင်းကွင်း တောင်သူ ဦးမောင်ဆန်း၏လယ်မြေ ၃ ဧက၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ထွန်းက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းအားဖြင့် မျိုးစေ့ကုန်ကျမှုနည်းပါးပြီး လုပ်အားခသက်သာခြင်း၊ လုပ်ငန်းတွင်ကျယ်ပြီး ပျိုးနုတ်ယူရန်မလိုဘဲ သန်မာ၍ ရောဂါကင်းသောပျိုးပင်များရရှိခြင်း၊ ကောက်ပင်လှန်ရက်စောင့်ဆိုင်းရန် မလိုခြင်း၊ လေဝင်လေထွက်ကောင်းပြီး ကောက်ပင်ဝင်ဆံ့မှုတိကျမှန်ကန်ခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းခြင်း စသည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ခြောက်တန်းသွားကောက်စိုက်စက်အသုံးပြု၍ ပေါ်ဆန်းရင်မိုးစပါးစိုက်ပျိုးခြင်းကို သရုပ်ပြသရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# မြန်မာ့ရာသီပေါ်အစားအစာ တည်ညင်းသီးနှင့်ကျန်းမာရေးပြဿနာ

မန္တလာဆရာမျိုး



မြန်မာနိုင်ငံ၏ ရာသီပေါ်အစားအစာများတွင် တည်ညင်းသီး(Djenkol Bean)လည်း တစ်ခုအပါအဝင်ဖြစ်သည်။ တည်ညင်းသီးကို ပြုတ်စားခြင်း၊ မီးဖုတ်စားခြင်း၊ သုပ်စားခြင်း၊ ငါးပိရည်နှင့် တွဲဖက်စားသုံးခြင်းတို့ ပြုလုပ်လေ့ရှိပြီး ထူးခြားသောအရသာနှင့် အနံ့ကြောင့် နှစ်သက်သူများစွာရှိသည်။ သို့သော်တည်ညင်းသီးသည် အရသာကောင်းရုံသာမက အာဟာရဓာတ်များစွာပါဝင်သော်လည်း ကျန်းမာရေးအန္တရာယ်များရှိသောကြောင့် မှန်ကန်စွာစားသုံးတတ်ရန် လိုသည်။

## တည်ညင်းသီးတွင် ပါဝင်သော အာဟာရဓာတ်များ

တည်ညင်းသီးတွင် လူ့ခန္ဓာကိုယ်အတွက် အရေးကြီးသော အာဟာရဓာတ်များဖြစ်သည့် ပရိုတင်းဓာတ်၊ ကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ ကယ်လ်စီယမ်၊ ဖော့စဖရပ်၊ သံဓာတ်၊ ဗီတာမင်-B အုပ်စုနှင့် Antioxidant များပါဝင်သည်။ ဤအာဟာရဓာတ်များသည် ခန္ဓာကိုယ်၏ကြီးထွားဖွံ့ဖြိုးမှု၊ စွမ်းအင်ထုတ်လုပ်မှုနှင့် ကျန်းမာရေးကောင်းမွန်စေရန် အထောက်အကူပြုသည်။

## တည်ညင်းသီး၏ ကျန်းမာရေးအကျိုးကျေးဇူးများ

**ပရိုတင်းဓာတ်ရရှိစေခြင်း** – တည်ညင်းသီးတွင် ပရိုတင်းဓာတ်ပါဝင်မှုကောင်းသောကြောင့် ကြွက်သားများတည်ဆောက်ရာတွင်လည်းကောင်း၊ ခန္ဓာကိုယ်တစ်သျှူးများ ပြုပြင်ထိန်းသိမ်းရာတွင်လည်းကောင်း အထောက်အကူဖြစ်စေသည်။

**အစာခြေစနစ်ကို ကောင်းမွန်စေခြင်း**– အမျှင်ဓာတ်များ ပါဝင်သောကြောင့် အူလမ်းကြောင်းလှုပ်ရှားမှုကို အားပေးပြီး ဝမ်းချုပ်ခြင်းကို လျော့နည်းစေနိုင်သည်။

**စွမ်းအင်ရရှိစေခြင်း** – ကာဗိုဟိုက်ဒရိတ်နှင့် ပရိုတင်းဓာတ်များ ပါဝင်သောကြောင့် နေ့စဉ်လှုပ်ရှားမှုများအတွက် လိုအပ်သော စွမ်းအင်ကို ထောက်ပံ့ပေးနိုင်သည်။

**သွေးအားနည်းရောဂါကို ကာကွယ်ရန် အထောက်အကူပြုခြင်း** – သံဓာတ်ပါဝင်သောကြောင့် သွေးနီဥထုတ်လုပ်မှုကို အားပေးနိုင်ပြီး သွေးအားနည်းရောဂါဖြစ်ပွားနိုင်ခြေကို လျော့နည်းစေသည်။

**အရိုးနှင့်သွားများကို သန်မာစေခြင်း**– ကယ်လ်စီယမ်နှင့် ဖော့စဖရပ်ဓာတ်များ ပါဝင်သောကြောင့် အရိုးနှင့်သွားကျန်းမာရေးကို အထောက်အကူပြုသည်။

**Antioxidant အာနိသင်** – Antioxidant များ ပါဝင်သောကြောင့် ခန္ဓာကိုယ်တွင်းရှိ ဆဲလ်များကိုထိခိုက်စေသော Free Radical များကို တိုက်ဖျက်ပေးနိုင်ပြီး ရောဂါတချို့ဖြစ်ပွားနိုင်ခြေကို လျော့နည်းစေနိုင်သည်။

## တည်ညင်းသီးစားပြီး အနံ့ပြင်းရခြင်း

တည်ညင်းသီးစားပြီးနောက် ခံတွင်းနံ့နှင့် ဆီးနံ့ပြင်းထန်လာခြင်းကို တွေ့ကြုံရတတ်သည်။ တည်ညင်းသီးတွင်ပါဝင်သော Sulfur-containing compounds များကြောင့်ဖြစ်သည်။ ယင်းအနံ့သည် ကျန်းမာရေးအတွက် အန္တရာယ်မရှိသော်လည်း လူမှုဆက်ဆံရေးတွင် အဆင်မပြေမှုများဖြစ်စေနိုင်သည်။

## တည်ညင်းသီးနှင့်ကျန်းမာရေးပြဿနာ

တည်ညင်းသီးကို အလွန်အကျွံစားသုံးခြင်းသို့မဟုတ် ကျောက်ကပ်အားနည်းသူများ စားသုံးခြင်းကြောင့် ဆီးလမ်းကြောင်းနှင့် ကျောက်ကပ်ဆိုင်ရာပြဿနာများ ဖြစ်နိုင်သည်။ အမျိုးသားတစ်ဦးသည် တည်ညင်းသီးကို အများအပြားစားသုံးပြီး နောက်တစ်နေ့တွင် ခါးနာခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ ဆီးနည်းလာခြင်းတို့ဖြစ်ပေါ်ပြီး ဆီးထဲသွေးပါလာသဖြင့် ဆေးရုံသို့သွားရောက်ပြသခဲ့ရသည့် သာဓကများရှိသည်။ တည်ညင်းသီး၌ပါဝင်သော Djenkolic acid ကြောင့် ဆီးလမ်းကြောင်းအတွင်း crystal များဖြစ်ပေါ်ပြီး ဆီးလမ်းကြောင်း ပိတ်ဆို့စေသော အခြေအနေဖြစ်နေကြောင်း တွေ့ရှိခဲ့ရသည်။

## Djenkolism နှင့် ဖြစ်ပေါ်နိုင်သောလက္ခဏာများ

တည်ညင်းသီးစားပြီးနောက် Djenkolic acid ကြောင့်ဖြစ်ပေါ်နိုင်သော ရောဂါအခြေအနေကိုDjenkolism ဟုခေါ်သည်။ Djenkolic acid သည် ဆီးအတွင်း crystal များအဖြစ် စုပုံလာနိုင်ပြီး ဆီးလမ်းကြောင်းကို ပိတ်ဆို့စေနိုင်သည်။

ထိုအခါ ခါးနာခြင်း၊ ဆီးသွားစဉ်နာကျင်ခြင်း၊ ဆီးနည်းခြင်း၊ ဆီးမထွက်နိုင်ခြင်း၊ ဆီးထဲသွေးပါခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ပူတက်ခြင်း၊ အားနည်းမောပန်းခြင်း၊ တချို့ပြင်းထန်သောအခြေအနေများတွင် Acute Kidney Injury (ရုတ်တရက် ကျောက်ကပ်ထိခိုက်မှု) အထိ ဖြစ်ပေါ်နိုင်သည်။

## သတိထားသင့်သည့်အချက်များ

ကျောက်ကပ်ရောဂါရှိသူများ၊ ကျောက်ကပ်ကျောက်တည်ဖူးသူများ၊ ဆီးလမ်းကြောင်းရောဂါရှိသူများ၊ ဆီးချိုရောဂါကြောင့် ကျောက်ကပ်ထိခိုက်နေသူများ၊ သွေးတိုးရောဂါရှိပြီး ကျောက်ကပ်အားနည်းသူများ၊ အသက်ကြီးသူများနှင့် ရေသောက်နည်းသူများအနေဖြင့် တည်ညင်းသီးကို သတိထားစားသုံးသင့်သည်။

တည်ညင်းသီးသည် Glycemic Index မြင့်မားသော အစားအစာမဟုတ်သောကြောင့် ဆီးချိုရောဂါရှိသူများ အနည်းငယ်စားသုံးနိုင်သည်။

တည်ညင်းသီးကို သွေးတိုးရောဂါရှိသူများလည်း စားသုံးနိုင်သည်။ သို့သော် ဆားဓာတ်များသောငါးပိ၊ အချဉ်ဖောက်အစားအစာများနှင့်တွဲဖက်၍ အလွန်အကျွံစားသုံးခြင်းကို ရှောင်ကြဉ်သင့်သည်။

တည်ညင်းသီးကို ပြုတ်၍စားပါ။ တစ်ကြိမ်တည်း အများကြီးမစားပါနှင့်။ စားပြီးနောက် ရေများများသောက်ပါ။ ကျောက်ကပ်ရောဂါရှိသူများ ရှောင်ကြဉ်ပါ။ ဆီးနည်းခြင်း၊ ဆီးတွင်သွေးပါခြင်း၊ ခါးနာခြင်းတို့ဖြစ်ပေါ်လာပါက ဆရာဝန်နှင့် ချက်ချင်းပြသပါ။

## တည်ညင်းသီးက ကင်ဆာဖြစ်စေသလား

တည်ညင်းသီးစားသုံးခြင်းကြောင့်ကင်ဆာဖြစ်စေသည်ဟု အတည်ပြုထားသော အထောက်အထားများ မရှိသေးပါ။

## အစာလည်းဆေး ဆေးလည်းအစာ

တည်ညင်းသီးသည် မြန်မာလူမျိုးများ နှစ်သက်စွာစားသုံးကြသော ရာသီပေါ်အစားအစာတစ်မျိုးဖြစ်ပြီး ပရိုတင်းဓာတ်၊ အမျှင်ဓာတ်၊ သံဓာတ်နှင့်သတ္တုဓာတ်များ ပါဝင်သော အစားအစာဖြစ်သည်။ သို့သော် တည်ညင်းသီးတွင်ပါဝင်သော Djenkolic acid ကြောင့် ဆီးလမ်းကြောင်းနှင့် ကျောက်ကပ်ဆိုင်ရာပြဿနာများ ဖြစ်ပေါ်နိုင်သောကြောင့် တည်ညင်းသီးကို အရသာရှိ၍ နှစ်သက်သော်လည်း အလွန်အကျွံမစားဘဲ ရေများများသောက်ကာ သင့်တော်သောပမာဏသာ စားသုံးသင့်သည်။

အချုပ်ဆိုရသော် တည်ညင်းသီးကို အတော်အသင့်စားသုံးပါက အာဟာရဓာတ်များရရှိစေပြီး ကျန်းမာရေးအတွက် အကျိုးရှိနိုင်သည်။ သို့သော် အလွန်အကျွံစားသုံးခြင်းကြောင့် ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းပြဿနာများ ဖြစ်စေနိုင်သည်။ အစားအစာသည် ဆေးဖြစ်နိုင်သလို အလွန်အကျွံစားလျှင် ရောဂါလည်းဖြစ်နိုင်သည်ဆိုသည့် စကားအတိုင်း တည်ညင်းသီးစားသုံးရာတွင် အထူးသတိပြုသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# ဧရာဝတီကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ

ဧရာဝတီကောင်း ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဧရာဝတီကောင်းမြို့အတွင်း နေထိုင်ကြသော ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူ လူငယ်များအား ကျန်းမာရေးအသိ၊ သတိရှိစေရန်ရည်ရွယ်၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၂ ရက်က ဧရာဝတီကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ရွှေရတုခန်းမဆောင်၌ ကျင်းပသည်။



အဆိုပါ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ၌ ဧရာဝတီကောင်းမြို့ တိုက်နယ်ဆေးရုံမှ ဒေါက်တာသန်းထွဋ်ဝင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးမှူးတို့က မိုးရာသီကာလတွင် ဖြစ်ပွားလျက်ရှိသော သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။ ဟောပြောပွဲအပြီးတွင် ကျန်းမာရေးဦးစီးဌာနမှ ပြသထားသည့် ကျန်းမာရေးအသိပညာပေး နံရံကပ်စာစောင်များကို ဟောပြောပွဲသို့ တက်ရောက်လာသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ကျန်းမာရေးအသိပညာပေးဟောပြောပွဲသို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ချမ်းမြေ့**

# တာမွေမြို့နယ်၌ အမှိုက်အမျိုးအစားခွဲခြား စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စွန့်ပစ်အမှိုက်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် အစဉ်တစိုက်လိုက်နာဆောင်ရွက်တတ်စေရန်ရည်ရွယ်ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ်လ ၁၂ ရက်က တာမွေမြို့နယ်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်မေသူခိုင်က အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှဝန်ထမ်းများက အမှိုက်အမျိုးအစားလေးမျိုးအား ခွဲခြားစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ လက်တွေ့သရုပ်ဖော်ပြသကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ကျောင်းအတွက် အသိပညာပေးစာစောင်များ၊ အမှိုက်အိတ်များ၊ ဗလာစာအုပ်နှင့် ဘောပင်များကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံဆရာမ ဒေါ်သော်သော်မင်းနိုင်က ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည့် လူနာများကို ကုသမှုပေးလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ပြောကြားချက်များ

ကျော်စိုးဝင်း

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကုသမှုခံယူနေသည့် လူနာ ၁၈၂ ဦးရှိရာ ဝမ်းရောဂါပိုးတွေ့ရှိခဲ့သည့် လူနာ ၉၃ ဦးရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဝမ်းပျက်ဝမ်းလျှောလူနာများကို စနစ်တကျပြုစုစောင့်ရှောက်ကုသမှုပေးလျက်ရှိသည်။**

**ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည့် လူနာများကို ကုသမှုပေးလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ပြောကြားချက်များကို စုစည်းဖော်ပြအပ်ပါသည်။**

**ဒေါက်တာအောင်လင်းအေး**
**ဒုတိယဆေးရုံအုပ်ကြီး၊**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**



အခု နှစ်ရက်၊ သုံးရက်အတွင်းမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော လူနာများပြားလာတဲ့အတွက် ဆေးရုံရဲ့အရေးပေါ်ဌာန၊ ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သက်ဆိုင်ရာ ဆရာဝန်ကြီးတွေ၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုခံယူပြီးတော့ ကုသမှုတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**❝ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ လူနာတွေအားလုံးကို လက်ခံကုသပေးနေပါတယ်။ လူနာတွေရောက်ရှိလာရင် ခုတင်အခက်အခဲမရှိအောင် စီမံထားပါတယ်။ လူနာတွေကိုလည်း Guidelines နဲ့အညီ သီးခြားဆောင်သုံးလေးဆောင်စီစဉ်ထားပြီး ကုသပေးနေပါတယ်။ ရောဂါဖြစ်ပွားလာရင် ရန်ကုန်ဆေးရုံကြီးကို ပြည်သူတွေလာရောက်ကုသကြပါ။ ❞**

**ဒေါက်တာအောင်လင်းအေး**

ဆေးရုံကြီးက ကုသရေးဌာနအောက်မှာရှိတဲ့အတွက်ကြောင့် အဓိကလုပ်ငန်းက လူနာတွေကုသတဲ့ လုပ်ငန်းပါ။ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးမှုမရှိစေရေးကို အထူးဂရုစိုက်ပြီး ကုသမှုတွေပေးနေပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါက ကူးစက်ရောဂါဖြစ်တဲ့အတွက်ကြောင့် ရောဂါသည်တွေနဲ့ တစ်ပါတည်းပါလာတဲ့ လူနာစောင့်တွေ၊ သူတို့ကိုကုသပေးတဲ့ ကျန်းမာရေးဝန်ထမ်းတွေ(ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ၊ အကူဝန်ထမ်းတွေ) အကုန်လုံးကို ဒီရောဂါကူးစက်မှုမရှိအောင် ကာကွယ်ထိန်းချုပ်တဲ့လုပ်ငန်းတွေကို အထူးဆောင်ရွက်ပါတယ်။ အရင်လည်း ပုံမှန်ဆောင်ရွက်တာရှိပါတယ်။

ပြည်သူ့ကျန်းမာရေး ပြဿနာဖြစ်တဲ့အတွက်ကြောင့် ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဌာနနဲ့ပူးပေါင်းပြီးတော့ အထူးအလေးထားဆောင်ရွက်ပါတယ်။ ပုံမှန်ဖြစ်ပွားမှုလည်းရှိပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ နှစ်ရက်၊ သုံးရက်အတွင်းမှာတော့ သိသိသာသာ များပြားလာတဲ့အတွက်ကြောင့် အထူးဂရုစိုက်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လူနာတွေရဲ့ ကျန်းမာရေးအခြေအနေကောင်းပါတယ်။ ဒီနေ့ဆိုရင်လည်း ဆေးရုံဆင်းမယ့်လူနာတွေရှိပါတယ်။ မနေ့ကလည်း ဆေးရုံဆင်းတဲ့ လူနာတွေရှိပါတယ်။ ရောဂါမဖြစ်ပွားအောင်ပြည်သူ့ကျန်းမာရေးလုပ်ငန်းမှာ သုံးပွင့်ဆိုင်ဆိုတာရှိတယ်။ ရောဂါဖြစ်စေတဲ့ပိုး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစားအသောက်၊ သောက်သုံးရေသန့်ရှင်းရေးလုပ်ငန်းတွေအပေါ် မူတည်ပါတယ်။ ခုခံအားကျဆင်းနေသူတွေ၊ အသက်ကြီးသူတွေ၊ တစ်ကိုယ်ရေသန့်ရှင်းရေးမကောင်းသူတွေမှာ ပိုပြီးဖြစ်နိုင်ပါတယ်။

ပြည်သူတွေကို အကြံပြုချင်တာက တစ်ကိုယ်ရေကျန်းမာရေးကို ဂရုစိုက်ဖို့၊ လတ်တလောမှာ ရေကိုကျိုချက်သောက်သုံးဖို့၊ ယင်နားစာတွေ မစားဖို့နဲ့ ခုခံအားကောင်းမွန်အောင် ပြုမူနေထိုင်ဖို့ အကြံပြုလိုပါတယ်ခင်ဗျာ။

လူနာစောင့်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေအပါအဝင် ကြိုတင်ကာကွယ်ဆေး Doxycycline 100 mg ကို တိုက်ကျွေးပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေလည်း အကုန်လုံးနီးပါးသောက်ပြီးပါပြီ။ လာရောက်ပြသတဲ့ ပြင်ပလူနာ၊ အတွင်းလူနာ၊ လူနာစောင့်တွေကိုလည်း Doxycycline 100 mg တိုက်ကျွေးပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ လူနာတွေအားလုံးကို လက်ခံကုသပေးနေပါတယ်။ လူနာတွေရောက်ရှိလာရင် ခုတင်အခက်အခဲမရှိအောင် စီမံထားပါတယ်။ လူနာတွေကိုလည်း Guidelines နဲ့အညီ သီးခြားဆောင်သုံးလေးဆောင်စီစဉ်ထားပြီး ကုသပေးနေပါတယ်။ ရောဂါဖြစ်ပွားလာရင် ရန်ကုန်ဆေးရုံကြီးကို ပြည်သူတွေ လာရောက်ကုသကြပါ။

ဝမ်းပျက်ဝမ်းလျှောရောဂါအပြင် နေ့စဉ်ကုသပေးနေတဲ့ရောဂါတွေအတွက်အတွင်းလူနာ ၁၃၀၀၊ ၁၄၀၀၊ ၁၅၀၀ လောက်နဲ့ ပြင်ပလူနာ တစ်ရက် ၂၅၀၀ ရှိပါတယ်။ ခွဲစိတ်မှုတွေကိုလည်း အချိန်မပျက် ပုံမှန်ဆက်လက်လုပ်ဆောင်နေပါတယ်။ အခုဖြစ်လာတဲ့ ဝမ်းပျက်ဝမ်းလျှောအတွက်လည်း သတ်မှတ်ထားတဲ့ စံနှုန်းအတိုင်း ပြင်ဆင်ကုသပေးနေတယ်ဆိုတာ အသိပေးပြောကြားလိုပါတယ်။

**ဒေါက်တာနန္ဒဝင်း**
**ဌာနမှူး၊ ရန်ကုန်တိုင်းဒေသကြီး**
**ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန**

ဝမ်းပျက်ဝမ်းလျှော ရောဂါကတော့ နှစ်စဉ်မိုးဦးကျအချိန်တိုင်းမှာ ဖြစ်လေ့ဖြစ်ထရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွက် စိန်ခေါ်မှုရှိတဲ့ ရောဂါတစ်ခုလည်းဖြစ်ပါတယ်။ ဩဂုတ်လ ၈၊ ၉၊ ၁၀ မှာ လမ်းမတော်မြို့နယ်ကနေပြီးတော့ ဝမ်းပျက်ဝမ်းလျှောဖြစ်တဲ့သူ ၂၀ ဦး၊ လသာမြို့နယ်ကနေပြီးတော့ ၂၀ ဦးနဲ့ ကျွန်တော်တို့ ဒဂုံဆိပ်ကမ်းမြို့နယ်မှာလည်း ၁၄ ဦး အစုလိုက်တွေ့ခဲ့



ပါတယ်။ လူနာတွေကို အစုလိုက်တွေ့တာနဲ့ ဘာကြောင့်ဆိုတာလိုက်ရှာပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီတွေ့တဲ့အခါမှာ ဒါသည် ဒီတစ်ဦးတစ်ယောက်ရဲ့အပြုအမူအနေအထိုင်၊ အစားအသောက် မကောင်းမွန်လို့၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် မလိုက်နာနိုင်လို့ဆိုတာတွေ့ပေမယ့် အစုလိုက်ဖြစ်လာရင် ဘာကြောင့်ဖြစ်သလဲ ဆိုတာမျိုးလိုက်ကြည့်ရတယ်။

သူတို့ကို ကျွန်တော်တို့က Google ပေါ်မှာ ရိုက်သွင်းမှတ်တမ်းတင်စနစ်မျိုးတွေ အသုံးပြုပြီး တောက်လျှောက်ထောက်လှမ်းပြီးတော့ ကြည့်ရှုစောင့်ရှောက်ပါတယ်။ အဲဒီလို ကြည့်ရှုစောင့်ရှောက်တဲ့အခါမှာ ဒီလမ်းမတော်နဲ့ လသာမြို့နယ်မှာ ဖြစ်ပွားမှုတွေများတယ်။ လမ်းမတော်မြို့နယ် ၁ လမ်းက နေ ၂၄ လမ်းကြားမှာတင် ဒီလူနာတွေက စိပ်လာတာကို အံ့ဩဖွယ်ရာတွေ့ရတယ်။

အားလုံးရဲ့ စားသောက်မှုကိုကြည့်တဲ့အခါမှာ အားလုံးသည် အလွယ်တကူရတဲ့ ပြင်ပအစားအစာတွေကိုပဲ မှာယူစားသောက်နေတာကိုတွေ့ရတယ်။ အစားအသောက်မှာသုံးနေတဲ့ရေတွေကို လိုက်စစ်ရပါတယ်။ လမ်းဘေးမှာရှိတဲ့ ဆိုင်တွေက ရောက်တဲ့နေရာကနေ ရေပုံးလေးတွေနဲ့ ခပ်ပြီး သေချာမဆေးကြောတဲ့အခါ ရေပုံးကနေ ရေအညစ်အကြေးကပ်၍ လည်းကောင်း၊ ရေကို သုံးတဲ့အခါမှာ အဆင်မပြေတာမျိုးလည်းရှိတယ်။

မနေ့က ည ၆ နာရီကနေ ဒီနေ့မနက် ၆ နာရီအထိတော့ လူနာဦးရေ ၃၀ ပဲ တက်တယ်။ အရင်နေ့တွေနဲ့ စာရင်တော့ နည်းနည်းကျလာပါပြီ။ စဉ်ဆက်မပြတ်ဆောင်ရွက်သွားမယ် ဆိုရင်တော့ ၅ ရက်၊ တစ်ပတ်လောက်အတွင်းမှာ ဒီဖြစ်ပွားတဲ့ လူနာတွေ လျော့ပါးသွားမှာပဲဖြစ်ပါတယ်။ ရောက်လာတဲ့ လူနာတွေအသက်မဆုံးရှုံးစေဖို့ တတ်နိုင်သလောက် Zero death ဖြစ်အောင် ကုသရေးဦးစီးဌာနက ဆရာဝန်တွေ၊ ဆေးရုံကြီးတွေကလည်း ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဗဟိုအဆင့် ဆေးရုံကြီး ၁၈ ရုံနဲ့ ရန်ကုန်တိုင်းအောက်က ဆေးရုံ ၆၅ ရုံမှာ အားလုံးက ဝမ်းပျက်ဝမ်းလျှောရောဂါအတွက်ကို အကုန်လုံးသင်တန်းတွေပေးပြီး ဆေးဝါးပစ္စည်းစုဆောင်းထားပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူလူထုအနေနဲ့ အစာသန့်၊ ရေသန့် အဓိကအရေးကြီးပါတယ်၊ အစားအသောက်ကို ပူပူနွေးနွေးနဲ့ စားသောက်တတ်ဖို့နဲ့ ပြီးတော့ ရောဂါဖြစ်ပွားလာရင်လည်း ကျန်းမာရေးဌာနကို ချက်ချင်းအကြောင်းကြားပြီးတော့ ကုသမှုခံယူမယ်ဆိုရင်တော့ ပြည်သူတွေ ဝမ်းပျက်ဝမ်းလျှောသာမက ကျန်တဲ့ မည်သည့်ရောဂါပဲဖြစ်ပါစေ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အားလုံးကျော်လွှားနိုင်မယ်လို့ ယုံကြည်မိပါတယ်။

**ဒေါက်တာမင်းဇော်ဦး**
**ပါမောက္ခ (ဌာနကြီးမှူး၊ ဆေးလက်တွေ့)၊**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**



ဝမ်းပျက်ဝမ်းလျှော ရောဂါဆိုတာ ဖြစ်လေ့ဖြစ်ထရှိတဲ့ရောဂါတစ်ခုပါ။ တနင်္ဂနွေ၊ တနင်္လာနေ့ကစပြီး လူနာအရေအတွက် များလာတာကို သတိပြုမိပါတယ်။ ဆေးရုံအနီးပတ်ဝန်းကျင် မြို့နယ်တွေကလာတဲ့ လူနာတွေများလာတဲ့အတွက် တနင်္လာနေ့ကစပြီး ဝမ်းပျက်ဝမ်းလျှောနဲ့ပတ်သက်လို့ ကျွန်တော်တို့ရဲ့ဝန်ထမ်းတွေ၊ သူနာပြုတွေ၊ ဆရာဝန်တွေ၊ ဆေးဝါးစုဆောင်းခြင်းနဲ့ ဆေးရုံကြီးအဖွဲ့နဲ့ပူးပေါင်းပြီး လူနာတွေထားဖို့ သီးသန့်အဆောင်တွေ ပြင်ဆင်တာတွေကို ဆောင်ရွက်ခဲ့ပါတယ်။

နေ့စဉ် ကုသမှုပေးနေတဲ့ အပိုင်းမှာ ကျွန်တော်တို့မှာ ရှိတဲ့ (ဆရာဝန်၊ သူနာပြု) စတဲ့ လူအင်အားအားလုံးကို ထိရောက်စွာ အသုံးပြုပြီး ဆောင်ရွက်နေတဲ့အတွက် အဆင်ပြေပါတယ်။ ဆေးဝါးအနေနဲ့လည်း ပြည့်စုံမှုရှိအောင် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က Zero Mortality (သေဆုံးမှုလုံးဝမရှိရေး)ပါ။ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ အချိန်မီသာ ရောက်လာခဲ့ရင် ပျက်စီးဆုံးရှုံးမှုမရှိအောင် အတတ်နိုင်ဆုံး စောင့်ရှောက်ပေးပါတယ်။ အရင်နှစ်တွေရဲ့ အတွေ့အကြုံအရ တချို့ကသိပ်လွန်မှ ရောက်လာတာမျိုးရှိတတ်တယ်။ အဲဒါမျိုးမဖြစ်ဘဲ ဆေးဝါးကုသမှုနဲ့ စောင့်ရှောက်မှုကို စောစီးစွာကြိုတင်လာရောက်ခံယူမယ်ဆိုရင်ပြန်လည်ကျန်းမာလာမှာဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ကျန်းမာရေးဝန်ကြီးဌာနနဲ့ သတင်းမီဒီယာတွေက အမြဲအသိပေးနေတဲ့အတိုင်း အထူးသဖြင့် မိုးတွင်းကာလမှာ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ပါ။ အစားအသောက်နဲ့ပတ်သက်ရင် မလတ်ဆတ်တာတွေ၊ ယင်နားစာတွေနဲ့ အမှည့်လွန်တဲ့ အသီးအနှံတွေကို ဆင်ခြင်စားသောက်ပါ။ သောက်သုံးရေနဲ့ပတ်သက်ရင် သန့်ရှင်းမှုရှိအောင် ရေကို သေချာကျိုချက်ပြီးမှ သောက်သုံးဖို့ပြောချင်ပါတယ်။

လတ်တလောဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ပတ်သက်ပြီး ပြည်သူလူထုကြားမှာ စိုးရိမ်မှုတွေမြင့်မားနေတာ သိရှိရပါတယ်၊ လူနာအများကြီးရောက်လာတာမှန်သော်လည်း လူမှုကွန်ရက်ပေါ်မှာ ပြောနေကြသလို ရန်ကုန်ဆေးရုံကြီးမှာ လူနာတွေပြည့်ကျပ်နေတယ်။ ပြင်ပလူနာ မကြည့်တော့ဘူး။ အတွင်းလူနာ လက်မခံတော့ဘူးဆိုတဲ့ သတင်းတွေ မဟုတ်မမှန်ကြောင်းပြောချင်ပါတယ်။ ပြင်ပလူနာဌာနကိုလည်း ပုံမှန်အတိုင်းဆောင်ရွက်နေပြီး ရှိတဲ့အင်အားနဲ့ ဝမ်းပျက်ဝမ်းလျှောလူနာတွေကို စနစ်တကျပြုစုစောင့်ရှောက်ပေးနေတယ်ဆိုတာ အသိပေးပါရစေ။

**ဒေါက်တာမိုးခိုင်**
**ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး**



လတ်တလောရန်ကုန်တိုင်းဒေသကြီးမှာ ဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ လူနာတွေနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှု၊ ကုသရေးဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ ရန်ကုန်တိုင်းအတွင်းမှာရှိနေတဲ့

**စာမျက်နှာ ၁၀ သို့ ➡**

➥ စာမျက်နှာ ၉ မှအဆက်
ပြည်သူ့ဆေးရုံတွေ၊ ပုဂ္ဂလိကဆေးရုံတွေအနေနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါလူနာများလက်ခံကုသနိုင်ဖို့အတွက်ပြင်ဆင်ဆောင်ရွက်ကာ ကုသမှုတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအနေနဲ့လည်း ဗဟိုအဆင့်ဆေးရုံအများစုရှိတဲ့ တိုင်းဒေသကြီးဖြစ်သလို ပုဂ္ဂလိကဆေးရုံတွေအနေနဲ့လည်း ဝန်ဆောင်မှုပေးလျက်ရှိတာ အားလုံးအသိပဲဖြစ်ပါတယ်။ လက်ရှိရှိနေတဲ့ပြည်သူ့ဆေးရုံတွေရဲ့အင်အားနဲ့ ပုဂ္ဂလိကဆေးရုံတွေအင်အားကိုအသုံးပြုပြီးတော့ ဆေးရုံအလိုက် ပြည်သူ့ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံမခွဲခြားဘဲ ဝမ်းပျက်ဝမ်းလျှောရောဂါလူနာရောက်ရှိလာရင် လက်ခံကုသမှုတွေဆောင်ရွက်ဖို့ ညွှန်ကြားထားရှိပြီးတော့ ကုသမှုဆောင်ရွက်တဲ့အခါမှာလည်း စနစ်တကျလိုက်နာဆောင်ရွက်နိုင်အောင်လုပ်ငန်းလမ်းညွှန်တွေကိုလည်း ဖြန့်ဝေအသိပေးထားရှိပြီးဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဆေးရုံတွေအနေနဲ့လည်း အရင်ကတည်းက အတွေ့အကြုံရှိပြီးဖြစ်တဲ့အတွက်ကြောင့် လူနာများအနေနဲ့ လိုအပ်တဲ့ကုသမှုတွေ အချိန်မီရရှိနိုင်မှာဖြစ်ပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ လူနာတွေကိုကုသမှုပေးတဲ့အခါမှာ ဦးတည်ဆောင်ရွက်တဲ့ အချက်အနေနဲ့ ရောက်ရှိလာတဲ့လူနာတွေ အသက်သေဆုံးမှုမရှိအောင် ဦးတည်ဆောင်ရွက်ခြင်း၊ ဒုတိယအချက်အနေနဲ့တော့ လိုအပ်တဲ့ကုသမှုတွေကို အချိန်နဲ့ တစ်ပြေးညီရရှိအောင်ဆောင်ရွက်ခြင်းနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ကုသရေးလုပ်ငန်းတွေမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာရှိတဲ့ ဆရာဝန်၊ သူနာပြု ကျွမ်းကျင်ဝန်ထမ်းအားလုံးအနေနဲ့ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကာကွယ်ကုသရေးလုပ်ငန်းတွေကို အထောက်အကူပြုဖို့အတွက် ရည်မှန်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ရောဂါကုသရေးအတွက် ဆောင်ရွက်သလို ရောဂါရှာဖွေရေးမှာလည်း အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ မှုိဇီဝဌာန၊ ဓာတ်ခွဲဌာနတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရောက်ရှိလာတဲ့လူနာတွေကို ရောဂါအမည် အမြန်တပ်နိုင်ဖို့၊ အရေးပေါ်ကုသမှုတွေအမြန်ရရှိဖို့၊ ကုသမှုတွေကို အချိန်နဲ့တစ်ပြေးညီ နေရာအလိုက်ရရှိနိုင်ဖို့အတွက် သမားတော်တွေ၊ အထွေထွေလက်ထောက်ဆရာဝန်တွေ၊ သူနာပြုတွေနဲ့ အားသွန်ခွန်စိုက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါတယ်။ လူနာအသက်သေဆုံးမှုတွေလက်ရှိအချိန်အထိ မရှိသေးပါကြောင်း ပြောကြားလိုပါတယ်။

ရန်ကုန်တိုင်းမှာရှိတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာတွေခံစားရတဲ့ ပြည်သူတွေအနေနဲ့လည်း လိုအပ်တဲ့ကုသမှုတွေဆောင်ရွက်နိုင်အောင် ပြည်သူ့ဆေးရုံတွေ၊ ပုဂ္ဂလိကဆေးရုံတွေအနေနဲ့ ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်တဲ့အတွက်ကြောင့် စိုးရိမ်ပူပန်မှုမဖြစ်ကြဘဲ အနီးစပ်ဆုံး ပြည်သူ့ဆေးရုံတွေနဲ့ သက်ဆိုင်ရာဆေးရုံတွေကို သွားရောက်ကုသမှုခံယူနိုင်ပါကြောင်း ပြောကြားလိုပါတယ်။ ။

## တိုင်းပြည်အလှ မြှင့်တင်ကြ

✦ အစပြုကာပဲ့
အားထုတ်မှုဖြင့် စွမ်းဆောင်။
တိုင်းပြည်ဂုဏ် အလှဆင့်
ရဲရင့်ညီနောင်။
လွတ်လပ်သော တို့ပြည်ထောင်
ငြိမ်းချမ်းအောင် ကြိုးစား။
နိုင်ငံရာဝန် တူညီထမ်းပါမှ
အေးချမ်းစေသား။
✦ ပန်းတိုင်ဆီ အရောက်သွား
အသိတရားဖြင့် ဆင်ခြင်။
နောင်တဟူ နောင်ဝယ်မကိန်း
ထိန်းသိမ်းကာပင်။
ညီညွတ်ခြင်းဖြင့် အောင်ပွဲဝင်
လှဂုဏ်ဆင် တစ်မူထူး။
ထမ်းဆောင်စေ အများအကျိုးကိုလ
သယ်ပိုးရည်စူး။
✦ ပန်းကလေးတွေ ရောင်စုံဖူး
မြူးပျော်ကြ ဥယျာဉ်အလယ်။
ရွှေလိပ်ပြာ တောင်ပံခတ်
ကျေနပ်အံ့ဖွယ်။
တိုင်းပြည်အလှ ဂုဏ်တင့်တယ်
ဝင့်ထည်လို့ အံ့မခန်း။
တိုင်းရင်းအစုံ ညီနောင်များရယ်က
ရိုင်းပင်းအကုန်တည်ထောင်သွားလျှင်ဖြင့်
ပန်းများရှင်လန်း။ ။

စျာန်လေး(ပညာရေး)

## လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာ၌ ရေဘေးသင့်ပြည်သူများအား ပံ့ပိုးငွေများပေးအပ်

လှိုင်းဘွဲ့ ဩဂုတ် ၁၃

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးသင့်ပြည်သူများအား ပံ့ပိုးငွေများပေးအပ်ခြင်းကို ယမန်နေ့ နေ့လယ်ပိုင်းက ရွှေဂွန်းကျေးရွာ အထက်ဘုန်းတော်ကြီးကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်း၌ဆောင်ရွက်သည်။

အဆိုပါ ပံ့ပိုးငွေပေးအပ်ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ရွှေဂွန်းကျေးရွာအုပ်စု ရွှေပြည်တော်ရပ်ကွက်မှ ရွှေဂွန်းအထက်ဘုန်းတော်ကြီးကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းသို့ပြောင်းရွှေ့နေကြရသည့် ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၂၅ စု၊ လူဦးရေ အမျိုးသား ၅၀ ဦး၊ အမျိုးသမီး ၅၃ ဦးစုစုပေါင်း ၁၀၃ ဦးတို့အတွက် ဆန်ရိက္ခာခုနစ်ရက်စာဖိုးထောက်ပံ့ငွေကျပ် ၅၁၅၀၀၀ နှင့် ဆန်ကိုးအိတ်၊ ကြက်ဥကိုးကတ်၊ သောက်ရေသန့် ၁၀ ကတ်၊ ဆီ ၁၀ ပိဿာတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးမြတ်စိမ်းနှင့်တာဝန်ရှိသူများက သွားရောက်ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။ (၄၀၆)



## နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်များငှားရမ်းပေး

မိုင်းရယ် ဩဂုတ် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် မိုင်းရယ်မြို့နယ် မြို့မရဲစခန်းရှိ အချုပ်သားများအား စာအုပ်စာစောင်များငှားရမ်းပေးခြင်းကို ယနေ့ နံနက် ၁၁ နာရီတွင် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းရယ်မြို့နယ် မြို့မရဲစခန်းရှိ အချုပ်သားများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ချစ်ချစ်ပိုင်က သုတ/ရသစာအုပ်များကိုပေးအပ်ရာ မြို့မရဲစခန်းရှိ တာဝန်မှူး ရဲအုပ်တင်အောင်မိုးက လက်ခံရယူသည်။

ယင်းနောက် မြို့မရဲစခန်းအတွင်းရှိ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို သုတ/ ရသစာအုပ်များငှားရမ်းပေးကြကြောင်းသိရသည်။ မိုင်းရယ်(ပြန်/ဆက်)

## လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ




မြန်အောင် ဩဂုတ် ၁၃

ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗဟုသုတလင်းတန်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၂ ရက် နံနက်ပိုင်းတွင် ဇလုပ်မအခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းထွန်းက အခြေခံပညာကျောင်းများတွင် လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Grade-12 မှ မခင်သူဇာအောင် ဦးဆောင်၍ Grade-10 မှ မောင်ခန့်ဝေယံလင်းက ဆိုရှယ်မီဒီယာ၏ ကောင်းကျိုးများ၊ Grade -11 မှ နော်သင်းသီရိထွန်းက ဆိုရှယ်မီဒီယာ၏ဆိုးကျိုးများ၊ Grade-12 မှ မအိမ့်ချူးချူးမွန်က AI နှင့်ဆိုရှယ်မီဒီယာအကြောင်း၊ Grade -11 မှမောင်အောင်ဖြိုးနိုင်က ဆိုရှယ်မီဒီယာကို ဟန်ချက်ညီအောင်သုံးစွဲပုံအကြောင်းဆွေးနွေးကြပြီး တက်ရောက်ကြသည့်ကျောင်းသား၊ ကျောင်းသူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် လူငယ်စကားဝိုင်း၌ ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ထို့နောက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲပြုလုပ်ရာ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းထွန်းတို့က ကျောင်းသားလူငယ်များ ဗလငါးတန်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားစေရန် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် ဓာတ်ပုံပြခန်းအား ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်းသိရသည်။

ဝင်းမိုလ် (ပြန်/ဆက်)

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)ပါမောက္ခချုပ် ဒေါက်တာဥမ္မာစံကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၆၂/၂၀၂၆

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရအား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးစိုးရန်နောင်အား ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)မင်းအောင်လှိုင်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ယှဉ်ပြိုင်မှုဆိုင်ရာ တိုင်ကြားလာသည့် အမှုကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၃

ယှဉ်ပြိုင်မှုဆိုင်ရာ တိုင်ကြားလာသည့် အမှုကိစ္စများနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်မှုအခြေအနေ၊ ယှဉ်ပြိုင်မှုဥပဒေပါ ပြဋ္ဌာန်းချက်များ ခိုင်မာအားကောင်းစေရေး ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ပြည်တွင်းပြည်ပပူးပေါင်းဆောင်ရွက်မှု၊ ဒီဂျစ်တယ်ဈေးကွက်နှင့် ဆက်စပ်သည့် ယှဉ်ပြိုင်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး (၁/၂၀၂၆-၂၀၂၇)တွင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယှဉ်ပြိုင်မှုဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုထိရောက်စေရေးအတွက် ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ တိုင်ကြားမှုများအား ဥပဒေနှင့်အညီ စနစ်တကျစိစစ်ဖြေရှင်းဆောင်ရွက်ရေးနှင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေရေးတို့ကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များအနေဖြင့် ယှဉ်ပြိုင်မှုဥပဒေဆိုင်ရာ အသိပညာများ ပိုမိုသိရှိနားလည်လာစေရေးနှင့် တရားမျှတသော ယှဉ်ပြိုင်မှုပတ်ဝန်းကျင်တွင် ပါဝင်ဆောင်ရွက်နိုင်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒီဂျစ်တယ်ဈေးကွက်စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ နိုင်ငံတကာ အတွေ့အကြုံများနှင့် အကောင်းဆုံး အလေ့အကျင့်များကို လေ့လာအသုံးချ၍ မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်မှုဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒဆိုင်ရာလမ်းညွှန်ချက်များကို အချိန်နှင့်အမျှ ပြန်လည်သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍လည်း ယှဉ်ပြိုင်မှုဥပဒေပါပြဋ္ဌာန်းချက်များကို ခိုင်မာအားကောင်းစေရေး ဆောင်ရွက်ရန်ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြဝတီ**



# ဆေးဝါးအမယ်သစ်ခြောက်မျိုးအား သုတေသနပြုစမ်းသပ်အောင်မြင်ခဲ့သူများကိုဂုဏ်ပြု




နေပြည်တော် ဩဂုတ် ၁၃

၁၉၈၂ ခုနှစ်မှ ယနေ့အချိန်အထိ သုတေသနဌာနသည် ဆေးဝါးအမျိုးအစား ၆၆ မျိုးကို အောင်မြင်စွာ စမ်းသပ်ဖော်ထုတ်နိုင်ခဲ့ပြီး ယခုတီထွင်မှုများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ ခွင့်ပြုချက်ရရှိရုံသာမက ပြည်တွင်းဆေးဝါးစက်ရုံများသို့ နည်းပညာလွှဲပြောင်းပေးအပ်နိုင်ခဲ့၍ ပြည်တွင်းထုတ်လုပ်မှုကို အားကောင်းစေပြီး ပြည်ပမှ တင်သွင်းမှုအပေါ်မှီခိုမှုကို လျှော့ချနိုင်ခဲ့ကြောင်း၊ ဆေးဝါးအမျိုးအစားသစ်ခြောက်မျိုး ဖြစ်သည့် ဆီးချိုရောဂါကုသဆေးနှစ်မျိုး၊ အိတ်ချ်အိုင်ဗွီ (HIV) ရောဂါကုသဆေးတစ်မျိုး၊ အရိုးအကြောအဆစ်ရောဂါကုသဆေးတစ်မျိုး၊ ကင်ဆာရောဂါကုသဆေးတစ်မျိုး၊ မေ့ဆေးတစ်မျိုးတို့ကို အောင်မြင်စွာတီထွင်နိုင်ခဲ့ကြောင်း၊ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိသုတေသနဌာန၌ ကျင်းပသည့် ဆေးဝါးအမယ်သစ်ခြောက်မျိုးအား သုတေသနပြုစမ်းသပ်၍ အောင်မြင်ခဲ့သည့်အတွက်ကျင်းပသည့် ဂုဏ်ပြုအခမ်းအနားမှ သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုလိုစမ်းသပ်အောင်မြင်မှုသည် ပြည်သူ့ကျန်းမာရေးအတွက် ကြီးမားသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ စမ်းသပ်အောင်မြင်ခဲ့သော ဆေးဝါးခြောက်မျိုးနှင့်ပတ်သက်သည့် ရောဂါဝေဒနာခံစားနေရသော လူနာများအတွက် ဘေးကင်းလုံခြုံပြီး အရည်အသွေးမြင့် ချိုသာသော ဈေးနှုန်းဖြင့် ဆေးဝါးများရရှိခြင်းသည် တန်ဖိုးဖြတ်၍ မရသော အကျိုးကျေးဇူးတစ်ရပ်ဖြစ်ကြောင်း၊ ဆေးဝါးများကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ခြင်းကြောင့် မိမိတို့၏ပြည်သူများသည် အချိန်မီ ကုန်ကျစရိတ်သက်သာစွာ ယုံကြည်စိတ်ချရသော ကုသမှုကိုရရှိနိုင်မည်ဖြစ်ပြီး ပြည်ပဆေးဝါးများအပေါ် မှီခိုမှုကြောင့် ဖြစ်ပေါ်လေ့ရှိသော ငွေကြေးအခက်အခဲများကိုလည်း သက်သာစေနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပိုမိုကောင်းမွန်သော ဆေးဝါးအမျိုးအစားသစ်များကို ဆက်လက်တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆေးဝါးအမယ်သစ်ခြောက်မျိုးကိုအောင်မြင်စွာ စမ်းသပ်ဆောင်ရွက်ခဲ့သည့် ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်၍ သုတေသနဌာနအတွင်း ဆေးဝါးအမယ်များ ထပ်မံထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် စက်မှုကဏ္ဍနှင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မျိုးဆက်သစ်လူငယ်များ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာတက္ကသိုလ် (ရန်ကုန်)တွင် အင်ဂျင်နီယာပညာရပ်များကို တက်ရောက်သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့ပြင် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများက သံမဏိများထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ သံမဏိများထုတ်လုပ်နေမှု၊ ဆေးဝါးများထုတ်လုပ်နေမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

**မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚င | / | ၂၉˚င |
| ရန်ကုန် | ၂၃˚င | / | ၃၀˚င |
| မန္တလေး | ၂၆˚င | / | ၃၂˚င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**၁၃-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၇,၀၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်
## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ
## (၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆)ရက်နေ့ထိ

၁။ ကျောင်းအခြေပြုကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့်အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့်လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့်သုတေသနလုပ်ငန်း။

# မကွေးမြို့ရှိ ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်



**မကွေး ဩဂုတ် ၁၃**

မကွေးမြို့ရှိ ဆားရွှေကင်းရပ်ကွက်၊ အောင်မေတ္တာရပ်ကွက်၊ မြို့ဟောင်းရပ်ကွက်၊ ဆုံရပ်ရပ်ကွက်နှင့် မယ်လှတောင်ကျေးရွာအုပ်စု သဘ်ာဆိပ်ကျေးရွာ၏ အနိမ့်ပိုင်းနေရာများသို့ ဧရာဝတီမြစ်ရေဝင်ရောက်လာမှုကြောင့် ရေဘေးလွတ်ရာစခန်းများသို့ အိမ်ထောင်စု ၁၂၇ စုမှ ပြည်သူ ၅၁၅ ဦးပြောင်းရွှေ့ခဲ့ရသည်။

အဆိုပါရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မကွေးမြို့ အောင်မေတ္တာရပ်ကွက် သာသနပါလဓမ္မာရုံ၌ သွားရောက်ထောက်ပံ့ပေးခဲ့သည်။

ရေဘေးရှောင်အိမ်ထောင်စုများအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်တို့ကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးက ရေဘေးရှောင်ပြည်သူ ၅၁၅ ဦးအတွက်ဆန်ရိက္ခာဖိုးငွေကျပ် ၂၆၂၅၀၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဖလမ်းမြို့ရှိ ပျက်စီးသွားသည့် ဌာနဆိုင်ရာရုံးများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**ဖလမ်း ဩဂုတ် ၁၃**

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဖလမ်းမြို့ရှိ ပျက်စီးသွားသည့် ဌာနဆိုင်ရာရုံးများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါရုံးများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ယနေ့တွင် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့က လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံး အမိုးလဲလှယ်နေမှု၊ မြို့နယ်ဦးစီးမှူးရုံး၊ အဆောက်အအုံနံရံများနှင့် ပြတင်းတံခါးများပြင်ဆင်နေမှု၊ မြို့နယ်အခွန်ဦးစီးဌာနရုံး၊ ကြမ်းခင်းများ ပြန်လည်ပြုပြင်နေမှု၊ မြို့နယ်သမဝါယမဦးစီးဌာနရုံး ဝန်ထမ်းအိမ်ရာ အမိုးနှင့်ကြမ်းခင်းများ ပြန်လည်ပြုပြင်နေမှုနှင့် ရုံးအဆောက်အအုံ အမိုးများ လဲလှယ်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် မှာကြားသည်။

အလားတူ တီးတိန်မြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အဆောက်အအုံ၊ မြို့မရဲစခန်းအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာခြောက်ခန်းတွဲ နှစ်ထပ်၊ မြို့နယ်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနပိုင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း စားရိပ်သာအဆောက်အအုံ၊ တီးတိန်မြို့ ခုတင် -၁၀၀ ဆံ့ပြည်သူ့ဆေးရုံ အဆောက်အအုံ ပြတင်းတံခါးမှန်များပြင်ဆင်နေမှုနှင့် မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် မြို့တွင်းမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူးသည် တစ်စိတ်တစ်ပိုင်း ပြုပြင်ရမည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း နည်းပြအိပ်ဆောင်၊ ခုတင် -၅၀ ဆံ့ ပြည်သူ့ဆေးရုံ၊ မြို့နယ်လျှပ်စစ်ရုံးပြုပြင်ခြင်းနှင့် မြို့နယ်ဥပဒေရုံး ပြုပြင်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**



# ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝေန်တာကျိုးပေါက်မှုကြောင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ယနေ့ မွန်းလွဲ ၁ နာရီတွင် Myanmar New Power Investment Group Company Limited က ငွေကျပ်သိန်း ၂၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။ **မြဝတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၃**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

◆ **ကျောဖုံးမှအဆက်**

စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် အမျိုးသားပြတိုက်သို့ ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာနိုင်ရေး စီစဉ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျောင်းသား၊ ကျောင်းသူများသည် အမျိုးသားပြတိုက်(ရန်ကုန်)သို့လာရောက်လေ့လာကြသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် အထက(မြို့မ)မှ ကျောင်းသား၊ ကျောင်းသူ ၁၀၀ တို့သည် ပြတိုက်အတွင်း စိတ်ဝင်တစားလှည့်လည်ကြည့်ရှုကြရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်းရှင်းလင်းပြောကြားသည်။

ထို့နောက်ကျောင်းသား၊ကျောင်းသူများက သိရှိလိုသည်များကို တာဝန်ရှိသူများထံ စိတ်ပါဝင်စားစွာ မေးမြန်းခဲ့ကြသည်။ အဆိုပါ အမျိုးသားပြတိုက်(ရန်ကုန်)သို့ ရန်ကုန်တိုင်းဒေသကြီး ခရိုင် ၁၄ ခရိုင်အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်မှ ကျောင်းသား၊ ကျောင်းသူ ၄၄၀၀ အား ဩဂုတ်လမှ ၂၀၂၇ ခုနှစ် ဇန်နဝါရီလအထိ လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ခွဲထက်ကို(ပြန်/ဆက်)**

## (၁၃-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၅ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၇.၃ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၇,၇၈၅,၁၃၃.၇၄ | ၃,၆၂၅,၇၂၆.၅၆ | ၇၀,၄၇၄,၉၉၃.၅၆ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို CMP ကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# နိုင်ငံသား၏ စည်းကမ်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု

ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)

❐ **ကျွန်ုပ်တို့နိုင်ငံသားများ အစဉ်ကြိုးပမ်းထမ်းဆောင်နေရမည့်တာဝန်မှာ စည်းကမ်းရှိသောလူမျိုးအဖြစ် ရောက်ရှိရေးပင်ဖြစ်သည်။ ကျွန်ုပ်တို့လူမျိုး စည်းကမ်းရှိသောလူမျိုးဖြစ်မှ အမိနိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ် . . .**

❐ **ကျွန်ုပ်တို့အားလုံးလိုက်နာရမည့် စည်းကမ်းမှန်သမျှကို တိကျစွာ စဉ်ဆက်မပြတ် လိုက်နာနေကြပါက ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမြင့်မားခြင်း၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမြင့်မားခြင်း၊ စွမ်းရည်မြင့်မားခြင်း၊ အသိမှန်ကန်မှုမြင့်မားခြင်း၊ အသိတရားကြီးမားခြင်း၊ ကိုယ်ကျင့်တရားမြင့်မားခြင်း၊ အသင့်အနေအထားတွင် အမြဲရှိနေခြင်း၊ စည်းလုံးညီညွတ်မှုမြင့်မားခြင်း၊ တာဝန်သိစိတ်မြင့်မားခြင်း၊ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ခြင်း စသည့်အရည်အချင်းကောင်းများနှင့် ပြည့်စုံသောနိုင်ငံသားများအဖြစ် ရောက်ရှိမည်ဖြစ် . . .**

**ဖွံ့ဖြိုးတိုးတက်နေသော ကမ္ဘာ့နိုင်ငံများ**

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများစွာရှိသည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်သို့ ရောက်ရှိလာရသည့်အကြောင်းတရားများ တစ်နိုင်ငံနှင့်တစ်နိုင်ငံတူညီမှုရှိမည်မဟုတ်ဘဲ ကွဲပြားခြားနားနေမည်။ သို့သော် နိုင်ငံတိုင်းတွင် တူညီသောအကြောင်းတရားတစ်ခုရှိနေသည်။ ယင်းအကြောင်းတရားမှာ ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံတိုင်း၏လူမျိုးသည် စည်းကမ်းရှိသောလူမျိုးဖြစ်နေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လူမျိုးစည်းကမ်းရှိရမည်။ လူမျိုးစည်းကမ်းရှိမှသာ နိုင်ငံမလွဲမသွေဖွံ့ဖြိုးတိုးတက်မည်။ မြင်တတ်ယူတတ်လျှင် အရာရာသည် သင်ခန်းစာဟူ၍ အဆုံးအမရှိသည်။ ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများက ပေးနေသောသင်ခန်းစာများကို ကျွန်ုပ်တို့မြင်တတ်ယူတတ်ကြရမည်။

**အမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် စည်းကမ်းရှိကြမည်**

ယခုအခါ နိုင်ငံတော်အကြီးအကဲက အမိနိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် စွမ်းအားကုန်နေ့မအားညမအား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံသားများအားလုံးကလည်း တာဝန်တစ်ရပ်ကို အစဉ်ကြိုးပမ်းထမ်းဆောင်နေကြရမည်။ ကျွန်ုပ်တို့နိုင်ငံသားများ အစဉ်ကြိုးပမ်းထမ်းဆောင်နေရမည့် တာဝန်မှာ စည်းကမ်းရှိသောလူမျိုးအဖြစ် ရောက်ရှိရေးပင်ဖြစ်သည်။ ကျွန်ုပ်တို့လူမျိုး စည်းကမ်းရှိသောလူမျိုးဖြစ်မှ အမိနိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ ကျွန်ုပ်တို့လူမျိုးစည်းကမ်းမရှိပါက အမိနိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်မည်မဟုတ်ဆိုသည်ကို သတိပြုရန်လိုသည်။

**စည်းကမ်း၏သဘောသဘာဝနှင့်အကျိုးတရားများ**

စည်းကမ်းအမျိုးပေါင်းများစွာရှိသည်။ သို့သော် အဓိကအားဖြင့် နှစ်မျိုးသာရှိသည်။ ယင်းတို့မှာ ရှောင်ရန်စည်းကမ်းနှင့် ဆောင်ရန်စည်းကမ်းတို့ဖြစ်ကြသည်။ စည်းကမ်းဆိုသည်မှာ အမှားအနည်းဆုံးနှင့် မှန်ကန်မှုအရှိဆုံးသောဘဝကို ပိုင်ဆိုင်နိုင်ရန် လမ်းညွှန်ပေးသော သဘာဝလမ်းညွှန်တရားများဖြစ်သည်။ စည်းကမ်းဆိုသည်မှာ ပိုင်ဆိုင်ထားသောဘဝကို မယိမ်းမယိုင်မတိမ်းစောင်းစေဘဲ အစဉ်တည့်မတ်နေစေရန်ထိန်းသိမ်းပေးသည့် ဘဝထိန်းတရားများဖြစ်သည်။ စည်းကမ်းဆိုသည်မှာ ရရှိပိုင်ဆိုင်ထားသောဂုဏ်သိက္ခာနှင့်တန်ဖိုးကို မြင့်မားသည်ထက်မြင့်မားအောင် မြှင့်တင်ပေးသည့် ဘဝမြှင့်တင်ရေးတရားများဖြစ်သည်။ စည်းကမ်းဆိုသည်မှာ အချင်းချင်းစည်းလုံးညီညွတ်မှုကိုမြင့်မားစေသည့်စည်းလုံးညီညွတ်ရေးတရားများဖြစ်သည်။ စည်းကမ်းဆိုသည်မှာ လိုအပ်သောအသိနှင့်သတိကို အစဉ်အမြဲပေးနေသည့် အသိသတိပေးတရားများဖြစ်သည်။ စည်းကမ်းဆိုသည်မှာ မကောင်းမှုနှင့်အမှားအမှန်ဟူသမျှကိုမကျူးလွန်ရန်နှင့် ကောင်းမှုနှင့် အမှန်တရားများကိုဆောင်ရွက်ရန် စိတ်ကိုထိန်းပေးသည့် စိတ်ထိန်းတရားများဖြစ်သည်။ ထို့ကြောင့် စည်းကမ်းဆိုသည်မှာ ဘဝလမ်းညွှန်တရား၊ ဘဝထိန်းတရား၊ ဘဝမြှင့်တင်ရေးတရား၊ စည်းလုံးညီညွတ်ရေးတရား၊ အသိနှင့်သတိပေးတရား၊ စိတ်ထိန်းတရားများဖြစ်ကြသည်။ စည်းကမ်းကိုလိုက်နာဆောင်ရွက်ပြုမူနေခြင်းဖြင့် အကျိုးတရားများစွာရရှိသည်။ ယင်းတို့အနက်မှ အဓိကအချက်အချို့ကို တင်ပြလိုပါသည်။

**စည်းကမ်းနှင့်ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု**

စည်းကမ်းနှင့်ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုဆက်စပ်မှုရှိသည်။ စည်းကမ်းကိုလိုက်နာသည့်အခါ လူမှုဘဝဆိုင်ရာမကောင်းမှုနှင့်အမှားအမျိုးမျိုးကိုရှောင်ရှားပြီး လူမှုဘဝဆိုင်ရာကောင်းမှုနှင့် အမှန်တရားများနှင့်အညီ ပြုမူနေထိုင်သည်။ ထို့ကြောင့် ထိခိုက်ဆုတ်ယုတ်မှုအပေါင်းမှကင်းဝေးပြီး ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမြင့်မားသည်။ သို့သော် စည်းကမ်းကိုမလိုက်နာသည့်အခါ လူမှုဘဝဆိုင်ရာမကောင်းမှုနှင့်အမှားအမျိုးမျိုးကိုကျူးလွန်သည်။ ထို့ကြောင့် ထိခိုက်ဆုတ်ယုတ်မှုအမျိုးမျိုးဖြစ်ပေါ်ခံစားရပြီး ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနိမ့်ကျသည်။ ထို့ကြောင့် စည်းကမ်းလိုက်နာမှုသည် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုကို မြင့်မားစေပြီး စည်းကမ်းမလိုက်နာမှုသည် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုကိုနိမ့်ကျစေသည်။

**စည်းကမ်းနှင့်စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု**

စည်းကမ်းနှင့်စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုဆက်စပ်မှုရှိသည်။ စည်းကမ်းလိုက်နာသည့်အခါ မည်ကဲ့သို့သောအခြေအနေမျိုးနှင့်ကြုံတွေ့နေရစေကာမူ ကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်ပြီး မကောင်းမှုနှင့်အမှားဟူသမျှကိုရှောင်ပြီး ကောင်းမှုနှင့်အမှန်တရားဟူသမျှကို မပျက်မကွက်လိုက်နာဆောင်ရွက်သည်။ ဤသို့ စိတ်ကိုစည်းကမ်းဖြင့် အစဉ်ထိန်းချုပ်ပြီး မကောင်းမှုမှန်သမျှကိုရှောင် ကောင်းမှုမှန်သမျှကို ဆောင်ရွက်နေမှုကြောင့် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမြင့်မားလာသည်။ သို့သော် စည်းကမ်းကိုမလိုက်နာသည့်အခါ တွေ့ကြုံနေရသောအခြေအနေကို ကြံ့ကြံ့ခိုင်ခိုင်မရင်ဆိုင်ဘဲ မကောင်းမှုနှင့်အမှားဟူသမျှကို ကျူးလွန်သည်။ ဤသို့ စိတ်ကို စည်းကမ်းဖြင့်ထိန်းချုပ်ထားခြင်းမရှိဘဲ မကောင်းမှုနှင့်အမှားများကို ကျူးလွန်နေမှုကြောင့် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနိမ့်ကျလာသည်။ ထို့ကြောင့် စည်းကမ်းလိုက်နာမှုသည် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုကို မြင့်မားစေပြီး စည်းကမ်းမလိုက်နာမှုသည် စိတ်ပိုင်းဆိုင်ရာနိမ့်ကျမှုကိုဖြစ်ပေါ်စေသည်။

**စည်းကမ်းနှင့်စွမ်းရည်မြင့်မားမှု**

စည်းကမ်းနှင့်စွမ်းရည်မြင့်မားမှုဆက်စပ်မှုရှိသည်။ စည်းကမ်းကိုလိုက်နာသည့်အခါ မပြုလုပ်သင့်သောမကောင်းမှုနှင့်အမှားအမျိုးမျိုးကိုရှောင်ရှားပြီး ပြုလုပ်သင့်သော ကောင်းမှုနှင့်အမှန်တရားအမျိုးမျိုးကို ပြုမူဆောင်ရွက်သည်။ ဤသို့ စည်းကမ်းနှင့်အညီ မကောင်းမှုနှင့်အမှားဟူသမျှကိုရှောင်ပြီး ကောင်းမှုနှင့်အမှန်တရားအမျိုးမျိုးကို ဆောင်ရွက်နေမှုကြောင့် စွမ်းရည်များသည် ယုတ်လျော့နိမ့်ကျမသွားဘဲ အစဉ်တိုးတက်မြင့်မားလာသည်။ သို့သော် စည်းကမ်းကိုမလိုက်နာသည့်အခါ ကောင်းမှုနှင့်အမှန်တရားများကိုလိုက်နာဆောင်ရွက်ခြင်းမရှိဘဲ မကောင်းမှုနှင့်အမှားအမျိုးမျိုးကို ကျူးလွန်သည်။ ဤသို့ စည်းကမ်းကိုမလိုက်နာဘဲ မကောင်းမှုနှင့် အမှားအမျိုးမျိုးကို ကျူးလွန်နေမှုကြောင့် စွမ်းရည်များသည် ဆက်လက်တိုးတက်မြင့်မားခြင်းမရှိဘဲ မူလအဆင့်မှနေ၍ ယုတ်လျော့ကျဆင်းနိမ့်ကျလာသည်။ ထို့ကြောင့် စည်းကမ်းလိုက်နာမှုသည် စွမ်းရည်များကိုမြင့်မားစေပြီး စည်းကမ်းမလိုက်နာမှုသည် စွမ်းရည်များကို နိမ့်ကျစေသည်။

**စည်းကမ်းနှင့်အသိမှန်ကန်မှု**

စည်းကမ်းနှင့်အသိမှန်ကန်မှုသည် ဆက်စပ်မှုရှိသည်။ စည်းကမ်းတွင်ပါဝင်သောအချက်များသည် ကောင်းမှုနှင့်မကောင်းမှု အမှန်နှင့်အမှားကို ခွဲခြားထားသည့် မှန်ကန်သောအချက်များဖြစ်ကြသည်။ စည်းကမ်းကိုလိုက်နာသည့်အခါ ယင်းမှန်ကန်သောအချက်များကို အမြဲနှလုံးသွင်းဆင်ခြင်သည်။ မှန်ကန်သောအချက်များကို အမြဲနှလုံးသွင်းဆင်ခြင်စဉ်းစားသည့်အတွက် အသိမှန်များ မြင့်မားစွာဖြစ်ပေါ်လာသည်။ သို့သော် စည်းကမ်းကိုမလိုက်နာသည့်အခါ စည်းကမ်းနှင့်ဆန့်ကျင်ပြီး မှားယွင်းသောအချက်များကို နှလုံးသွင်းဆင်ခြင်သည်။ မှားယွင်းသောအချက်များကို အမြဲနှလုံးသွင်းဆင်ခြင်နေမှုကြောင့် အသိမှားများကြီးမားစွာဖြစ်ပေါ်လာသည်။ ထို့ကြောင့် စည်းကမ်းလိုက်နာမှုသည် အသိမှန်ကန်မှုကိုဖြစ်ပေါ်စေပြီး စည်းကမ်းမလိုက်နာမှုသည် အသိမှားယွင်းမှုကိုဖြစ်ပေါ်စေသည်။

**စည်းကမ်းနှင့်သတိတရားကြီးမားမှု**

စည်းကမ်းနှင့်သတိတရားကြီးမားမှု ဆက်စပ်မှုရှိသည်။ စည်းကမ်းတွင်ပါဝင်သောအချက်များသည် ဘဝခရီးတစ်လျှောက်လုံး စွဲကိုင်သွားရမည့်သတိတရားများဖြစ်ကြသည်။ စည်းကမ်းကိုလိုက်နာသည့်အခါ မိမိတွင်ဖြစ်ပေါ်နေသောဆန္ဒအား ဆောင်ရွက်ရန်သင့်၊ မသင့်ကို စည်းကမ်းပါအချက်များနှင့်စဉ်းစားဆင်ခြင်သည်။ စည်းကမ်းနှင့်ကိုက်ညီပါကဆောင်ရွက်ပြီး မကိုက်ညီပါက မဆောင်ရွက်ဘဲ ရှောင်ကြဉ်သည်။ မိမိတွင်ဆန္ဒတစ်ခုဖြစ်ပေါ်လာတိုင်း စည်းကမ်းဖြင့်စဉ်းစားဆင်ခြင်နေမှုကြောင့် သတိတရားကြီးမားလာသည်။ သို့သော် စည်းကမ်းကို မလိုက်နာသည့်အခါ ဖြစ်ပေါ်လာသောဆန္ဒကို စည်းကမ်းဖြင့်စဉ်းစားဆင်ခြင်ခြင်းမပြုဘဲ ဆန္ဒရှိသည့်အတိုင်းဆောင်ရွက်သည်။ စည်းကမ်းကိုပစ်ပယ်ပြီး ဆန္ဒရှိသည့်အတိုင်းဆောင်ရွက်နေမှုကြောင့် သတိတရားကင်းလွတ်နိမ့်ကျလာသည်။ ထို့ကြောင့် စည်းကမ်းလိုက်နာမှုသည် သတိတရားကို ကြီးမားစေပြီး စည်းကမ်းမလိုက်နာမှုသည် သတိတရားကို နိမ့်ကျစေသည်။

**စည်းကမ်းနှင့်ကိုယ်ကျင့်တရားမြင့်မားမှု**

စည်းကမ်းနှင့်ကိုယ်ကျင့်တရားမြင့်မားမှုဆက်စပ်မှုရှိသည်။ စည်းကမ်းတွင်ပါရှိသောအချက်များသည် တစ်နည်းအားဖြင့် ဘဝခရီးတစ်လျှောက်လုံး လိုက်နာကျင့်ကြံသွားရမည့် ကိုယ်ကျင့်တရားများဖြစ်ကြသည်။ စည်းကမ်းကိုလိုက်နာသည့်အခါ မကောင်းမှုနှင့် အမှားမှန်သမျှကိုရှောင်ပြီး ကောင်းမှုနှင့်အမှန်တရားမှန်သမျှကို ပြုမူကျင့်ကြံသည်။ ဤသို့ စည်းကမ်းနှင့်အညီ ကျင့်ကြံနေထိုင်မှုကြောင့် ကိုယ်ကျင့်တရားမြင့်မားလာသည်။ သို့သော် စည်းကမ်းကိုမလိုက်နာသည့်အခါ ကောင်းမှုနှင့်အမှန်တရားမှန်သမျှကိုရှောင်ရှားပြီး မကောင်းမှုနှင့်အမှားဟူသမျှကို ကျူးလွန်သည်။ ဤသို့ စည်းကမ်းနှင့်ဆန့်ကျင်စွာနေထိုင်ပြုမူနေမှုကြောင့် ကိုယ်ကျင့်တရားနိမ့်ကျလာသည်။ ထို့ကြောင့် စည်းကမ်းလိုက်နာမှုသည် ကိုယ်ကျင့်တရားကိုမြင့်မားစေပြီး စည်းကမ်းမလိုက်နာမှုသည် ကိုယ်ကျင့်တရားကို နိမ့်ကျစေသည်။

**စည်းကမ်းနှင့် အသင့်အနေအထားဖြစ်မှု**

စည်းကမ်းနှင့်အသင့်အနေအထားဖြစ်မှု ဆက်စပ်မှုရှိသည်။ စည်းကမ်းကိုလိုက်နာသည့်အခါ မဆောင်ရွက်သင့်သောအရာမှန်သမျှကို လုံးဝမဆောင်ရွက်ဘဲ ဆောင်ရွက်သင့်သည့်အရာမှန်သမျှကို မပျက်မကွက် ပြီးစီးအောင်ဆောင်ရွက်သည်။ ဤသို့ ဆောင်ရွက်မှုကြောင့် အစစအရာရာပစ္စုပ္ပန်ကာလတွင် ပြီးစီးအောင်မြင်အောင် ဆောင်ရွက်ထားရှိနိုင်သည်။ ပစ္စုပ္ပန်ကာလတွင် အစစအရာရာပြီးစီးအောင်မြင်ထားရှိမှုကြောင့် အနာဂတ်အခြေအနေများအတွက် အသင့်အနေအထားတွင်ရှိနေသည်။ သို့သော် စည်းကမ်းကိုမလိုက်နာသည့်အခါ ဆောင်ရွက်သင့်သည့်အရာကို မဆောင်ရွက်ဘဲ မဆောင်ရွက်သင့်သည့်အရာကို ဆောင်ရွက်သည်။ ဤသို့ စည်းကမ်းနှင့် ဆန့်ကျင်စွာဆောင်ရွက်မှုကြောင့် အစစအရာရာပစ္စုပ္ပန်ကာလတွင် ပြီးစီးအောင်ဆောင်ရွက်ထားနိုင်ခြင်းမရှိဖြစ်ရသည်။ ပစ္စုပ္ပန်ကာလတွင် အစစအရာရာပြီးစီးအောင်မြင်ခြင်းမရှိမှုကြောင့်

စာမျက်နှာ ၁၄ သို့ ➤

➤ စာမျက်နှာ ၁၃ မှအဆက်

အနာဂတ်အခြေအနေများအတွက် အသင့်မဖြစ်သောအနေအထားသို့ရောက်ရှိသည်။ ထို့ကြောင့် စည်းကမ်းလိုက်နာမှုသည် အနာဂတ်အခြေအနေများအတွက် အသင့်အနေအထားသို့ရောက်ရှိစေပြီး စည်းကမ်းမလိုက်နာမှုသည် အနာဂတ်အခြေအနေများအတွက် အသင့်မဖြစ်သောအနေအထားသို့ ရောက်ရှိစေသည်။

**စည်းကမ်းနှင့်စည်းလုံးညီညွတ်မှု**

စည်းကမ်းနှင့်စည်းလုံးညီညွတ်မှု ဆက်စပ်မှုရှိသည်။ စည်းကမ်းသည် တစ်နည်းအားဖြင့် လူမှုဆက်ဆံရေးဆိုင်ရာကျင့်ဝတ်များဖြစ်သည်၊ စည်းကမ်းကိုလိုက်နာသည့်အခါ တစ်ဦးကိုတစ်ဦး ထိခိုက်နစ်နာစေမည့်အမှားများကိုမကျူးလွန်ဘဲ တစ်ဦးကိုတစ်ဦး တိုးတက်အောင်မြင်စေမည့် အမှန်တရားများကိုသာ ပြုမူဆက်ဆံသည်။ ဤသို့ ကျင့်ဝတ်စည်းကမ်းနှင့်အညီ ဆက်ဆံနေမှုကြောင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ချစ်ခင်ရင်းနှီးမှု၊ ယုံကြည်အားကိုးမှုများ ဖြစ်ပေါ်လာပြီး စည်းလုံးညီညွတ်မှုမြင့်မားလာသည်။ သို့သော် စည်းကမ်းမလိုက်နာသည့်အခါ တစ်ဦးကိုတစ်ဦး ထိခိုက်နစ်နာစေမည့်ဆက်ဆံရေးအမှားများကို ကျူးလွန်သည်။ ဤသို့ ကျင့်ဝတ်စည်းကမ်းများနှင့်ဆန့်ကျင်ပြီး ဆက်ဆံနေမှုကြောင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မုန်းတီးပြီး စည်းလုံးညီညွတ်မှုများ ပျက်ပြားလာသည်။ ထို့ကြောင့် စည်းကမ်းလိုက်နာမှုသည် စည်းလုံးညီညွတ်မှုကိုမြင့်မားစေပြီး စည်းကမ်းမလိုက်နာမှုသည် စည်းလုံးညီညွတ်မှုကို နိမ့်ကျစေသည်။

**စည်းကမ်းနှင့်တာဝန်သိစိတ်မြင့်မားမှု**

စည်းကမ်းနှင့်တာဝန်သိစိတ်မြင့်မားမှု ဆက်စပ်မှုရှိသည်။ စည်းကမ်းဆိုသည်မှာ အထက်ကြီးကြပ်ကွပ်ကဲမှုကြောင့်မဟုတ်ဘဲ ရှောင်ကြဉ်ရမည့်အရာများမှန်သမျှနှင့် ဆောင်ရွက်ရမည့်အရာမှန်သမျှကို မိမိကိုယ်ပိုင်အသိစိတ်ဖြင့် ပြီးမြောက်အောင်ဆောင်ရွက်ရန် ညွှန်ကြားထားခြင်းဖြစ်သည်။ စည်းကမ်းလိုက်နာသည့်အခါ အထက်ကြီးကြပ်ကွပ်ကဲမှုမရှိစေကာမူ ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ရှောင်ကြဉ်ရမည့်အရာမှန်သမျှကိုလုံးဝရှောင်ကြဉ်ပြီး ဆောင်ရွက်ရမည့်အရာမှန်သမျှကို မပျက်မကွက်ဆောင်ရွက်သည်။ ဤသို့ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ရှောင်ရန်တာဝန်နှင့် ဆောင်ရန်တာဝန်များကို အစဉ်မပြတ်ကျေပွန်စွာဆောင်ရွက်နေမှုကြောင့် တာဝန်သိစိတ်မြင့်မားလာသည်။ သို့သော် စည်းကမ်းကိုမလိုက်နာသည့်အခါ ကြီးကြပ်ကွပ်ကဲမှုကင်းလွတ်သည်နှင့် ရှောင်ရန်တာဝန်နှင့် ဆောင်ရန်တာဝန်များကို ပျက်ကွက်သည်။ ဤသို့ တာဝန်များပျက်ကွက်နေမှုကြောင့် တာဝန်သိစိတ်နိမ့်ကျလာသည်။ ထို့ကြောင့် စည်းကမ်းလိုက်နာမှုသည် တာဝန်သိစိတ်ကိုမြင့်မားစေပြီး စည်းကမ်းမလိုက်နာမှုသည် တာဝန်သိစိတ်ကို နိမ့်ကျစေသည်။

**စည်းကမ်းနှင့် ယုံကြည်ချက်၊ ခံယူချက်မှန်ကန်မှု**

စည်းကမ်းနှင့်ယုံကြည်ချက်၊ ခံယူချက်မှန်ကန်မှု ဆက်စပ်မှုရှိသည်။ စည်းကမ်းတွင်ပါဝင်သောအချက်များသည် ဘဝခရီးတစ်လျှောက်လုံး စွဲကိုင်ကျင့်သုံးသွားရမည့်အမှန်တရားများဖြစ်ကြသည်။ စည်းကမ်းကိုလိုက်နာသည့်အခါ ယင်းအမှန်တရားများကို အမြဲနှလုံးသွင်းဆင်ခြင်သည်။ ဤသို့မှန်ကန်သောအချက်များကို နှလုံးသွင်းစဉ်းစားဆင်ခြင်သောကြောင့် အရာရာကို အရှိအတိုင်း၊ ပကတိအခြေအနေမှန်အတိုင်း ထိုးထွင်းသိမြင်ပြီး မှန်ကန်သောအသိများ ဖြစ်ပေါ်လာသည်။ မှန်ကန်သော အသိကြောင့် မှန်ကန်သောယုံကြည်ချက်ဖြစ်ပေါ်လာသည်။ မှန်ကန်သောယုံကြည်ချက်ကြောင့် မှန်ကန်သောခံယူချက် ဖြစ်ပေါ်လာသည်။ စည်းကမ်းလိုက်နာမှုကိုအကြောင်းပြု၍ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်လာခြင်းဖြစ်သည်။ သို့သော် စည်းကမ်းကိုမလိုက်နာသည့်အခါ စည်းကမ်းပါအမှန်တရားများကိုဆန့်ကျင်ပြီး မိမိ၏ဆန္ဒစွဲအမှားတရားများကို နှလုံးသွင်းဆင်ခြင်သည်။ ဤသို့အမှားတရားများကို နှလုံးသွင်းစဉ်းစားဆင်ခြင်သောကြောင့် အရာရာကိုအရှိအတိုင်း၊ ပကတိအခြေအနေမှန်အတိုင်း မသိမြင်ဘဲ လွဲမှားစွာသိမြင်သည်။ လွဲမှားစွာသိမြင်မှုကြောင့် မှားယွင်းသောအသိများဖြစ်ပေါ်လာသည်။ မှားယွင်းသောအသိကြောင့် မှားယွင်းသောယုံကြည်ချက်ဖြစ်ပေါ်လာသည်။ မှားယွင်းသောယုံကြည်ချက်ကြောင့် မှားယွင်းသောခံယူချက်ဖြစ်ပေါ်လာသည်။ စည်းကမ်းမလိုက်နာမှုကို အကြောင်းပြု၍ ယုံကြည်ချက်၊ ခံယူချက်များ လွဲမှားလာခြင်းဖြစ်သည်။ ထို့ကြောင့် စည်းကမ်းလိုက်နာမှုသည် ယုံကြည်ချက်၊ ခံယူချက်ကို မှန်ကန်စေပြီး စည်းကမ်းမလိုက်နာမှုသည် ယုံကြည်ချက်၊ ခံယူချက်ကို လွဲမှားစေသည်။

**အရည်အချင်းကောင်းများနှင့် ဤသို့ပြည့်စုံလာမည်**

ကျွန်ုပ်တို့အားလုံးလိုက်နာရမည့် စည်းကမ်းမှန်သမျှကို တိကျစွာ စဉ်ဆက်မပြတ်လိုက်နာနေကြပါက ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမြင့်မားခြင်း၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမြင့်မားခြင်း၊ စွမ်းရည်မြင့်မားခြင်း၊ အသိမှန်ကန်မှုမြင့်မားခြင်း၊ အသိတရားကြီးမားခြင်း၊ ကိုယ်ကျင့်တရားမြင့်မားခြင်း၊ အသင့်အနေအထားတွင် အမြဲရှိနေခြင်း၊ စည်းလုံးညီညွတ်မှုမြင့်မားခြင်း၊ တာဝန်သိစိတ်မြင့်မားခြင်း၊ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ခြင်း စသည့်အရည်အချင်းကောင်းများနှင့် ပြည့်စုံသောနိုင်ငံသားများအဖြစ်ရောက်ရှိမည်ဖြစ်သည်။ ထိုထက်ပို၍ဆိုရသော် အရည်အချင်းကောင်းအမျိုးမျိုးကို ပိုင်ဆိုင်ထားသည့်စည်းကမ်းရှိသောလူမျိုးအဖြစ် ကျွန်ုပ်တို့အားလုံးရောက်ရှိကြမည်။

**အမိနိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်**

နိဂုံးချုပ်အနေဖြင့် တင်ပြရမည်ဆိုပါက နိုင်ငံတော်အကြီးအကဲသည် အမိနိုင်ငံအား ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ၏ကြိုးပမ်းမှုများအောင်မြင်ရန် ကျွန်ုပ်တို့ကလည်း စည်းကမ်းရှိရန်လိုသည်။ လူမျိုးစည်းကမ်းရှိမှ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဟူသောသင်ခန်းစာကို သတိပြုသင့်ပါသည်။ ထို့ကြောင့် အမိနိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်သို့ မလွဲမသွေရောက်ရှိနိုင်ရန်အတွက် ကျွန်ုပ်တို့အားလုံး စည်းကမ်းရှိသောလူမျိုးအဖြစ် အစဉ်ကြိုးပမ်းရပ်တည်နေကြပါစို့ဟု ရေးသား တင်ပြအပ်ပါသည်။ ။

# ဂန့်ဂေါမြို့၌ မြစ်ရေဝင်ရောက်နိုင်သည့် အနိမ့်ပိုင်းရပ်ကွက်များကို အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

ဂန့်ဂေါ ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်းရှိ အများပြည်သူများ ရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခရိုင်သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းအဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၁၃ ရက်နံနက်ပိုင်းတွင် မြို့မရပ်ကွက်အတွင်းရှိ မြစ်သာမြစ်ဘေးနှင့် လောင်ထောင်ချောင်းနံဘေးရှိ အနိမ့်ပိုင်းရပ်ကွက်များ မြစ်ရေမြင့်တက်လာပါက ကြိုတင်သတိရှိရေးနှင့်ကာကွယ်နိုင်ရေးအတွက်ရည်ရွယ်၍ ရေဝင်ရောက်နိုင်သည့်နေအိမ်များသို့ တစ်အိမ်တက်ဆင်းသွားရောက်၍ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ရေဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် အများပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်မဖြစ်ပေါ်မီ ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရမည့်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် လိုက်နာရမည့်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရမည့်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ သဘာဝဘေးအန္တရာယ်များကြုံတွေ့လျှင် ဆက်သွယ်ရမည့်ဖုန်းနံပါတ်များပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေကာ လိုက်နာရမည့်အချက်များကို အသိပညာပေးခြင်းများ ဆောင်ရွက်ကြသည်။



အဆိုပါ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထက်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် ရေဘေးပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေကြကြောင်း သိရသည်။ **မောင်မျိုးမင်း(ပြန်/ဆက်)**



# ပေါင်းတည်မြို့၌ မိုးစပါးဖြစ်ထွန်းအောင်မြင်ရေးကြိုးပမ်း

ပေါင်းတည် ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၇၃၅၁၄ ဧကလျာထားစိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီအဖွဲ့မှသိရသည်။

မိုးဦးကာလမှစ၍ မိုးရွာသွန်းမှုများသဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိနေပြီး တောင်သူများ မိုးစပါးကို ဆောလျင်စွာ စိုက်ပျိုးနိုင်ခဲ့ကြကြောင်း၊ တောင်သူများအား လျာထားဧကထက် ပြည့်မီကျော်လွန်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးကြိုးပမ်းကြရန် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီအဖွဲ့က တိုက်တွန်းလျက်ရှိကြောင်း၊ သဘာဝဘေးကြောင့် သီးနှံပင်များပျက်စီးဆုံးရှုံးနိုင်၍ အစားထိုးကုစားစိုက်ပျိုးနိုင်ရေးအတွက် အရန်ပျိုးပင်များ ပျိုးထောင်ကြိုတင်ပြင်ဆင်ထားရှိနိုင်ရေးကိုလည်း တောင်သူများအား သတိပေးနှိုးဆော်လျက်ရှိသည်။

မိုးစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် ဖြစ်ထွန်းအောင်မြင်ရေးအတွက် တောင်သူများနှင့်ပူးပေါင်းကာ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**ရွှေသား**

MWD Education, Knowledge & Sports Channel

**၁၄-၈-၂၀၂၆(သောကြာနေ့)**

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၀ | Grade – 10 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၈:၅၆ | Grade – 10 | သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၃။ | ၁၈:၅၆ - ၂၀:၃၀ | Grade – 10 | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ |

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မှော်ဘီမြို့နယ်နှင့်လှည်းကူးမြို့နယ်တို့ရှိ နယ်မြေခံတပ်ရင်းများ၌ အသီးသီးပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စံပယ်ပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

➩ ကျောဖုံးမှအဆက်

မြို့ပေါ်ရပ်ကွက် ၁၃ ခုနှင့် ကျေးရွာ ၁၉၄ ရွာများသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ဝေနိပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ဝေနိပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများကို အချိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများက ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။

ထိုသို့ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ဝေနိပန်းတာမှ ရေဝင်လမ်း ထိန်းချုပ် ကာကွယ်နိုင်ရန် အတွက် Steel Sheet Pile ရိုက်သွင်းခြင်း လုပ်ငန်းများ ဆောင်ရွက်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများတက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များကမ်း၍လည်းကောင်း၊ အိုးစည် ဒိုးပတ် အတီးအမှုတ် အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကွန်ဟိန်းမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကွန်ဟိန်းမြို့ရှိနယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး မစ္စတာ ငုယင်အန်းဒပ်အား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ




**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ငုယင်အန်းဒပ်အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံပြီး အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနှင့်ပြည်သူများအကြား ကာလရှည်ကြာတည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား တည်ထောင်ထားရှိသည့် ယန္တရားများပြန်လည်စတင်ရေးတို့ကိုလည်း ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**မြဝတီ**

# မြန်မာ- ဗီယက်နမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေး ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာ- ဗီယက်နမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေးနှင့် လက်ရှိဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအပြင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ရန်ကုန်မြို့အခြေစိုက် ဗီယက်နမ်သံရုံးမှ သံအမတ်ကြီး မစ္စတာ ငုယင်အန်းဒပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြောင်းသိရသည်။

အဆိုပါတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**မြဝတီ**

# ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်အိမ်ထောင်စုများအား တစ်ပတ်စာဆန်ရိက္ခာဖိုးငွေနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တလင်းကြီးကျေးရွာအုပ်စု ဝဲကြီးဆင်ရွာ ကျေးရွာ ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်အိမ်ထောင်စု ၂၉၅ စု၊ လူဦးရေ ၉၅၀ အတွက် ငွေကျပ် ၇၈ သိန်းတန်ဖိုးရှိ တစ်ပတ်စာဆန်ရိက္ခာဖိုးငွေ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ကြက်ဥတို့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ တွေ့ဆုံအားပေးစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှုများကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလျက်ရှိပြီး သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်မှုလျော့နည်းစေရေး အဓိကဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုရေဘေးသင့်ဒေသတွင် နှစ်စဉ်ရေလွှမ်းမိုးလေ့ရှိသည့်အတွက် ဒေသနေပြည်သူများအနေဖြင့် အတွေ့အကြုံအထိုက်အလျောက်ရှိပြီး ကြိုတင်ပြင်ဆင်မှုအသင့်ရှိသောကြောင့် အသက်ဆုံးရှုံးမှုမရှိခြင်းဖြစ်ကြောင်း၊ သို့သော် ယခင်နှစ်များကထက် ရေလွှမ်းမိုးမှုပမာဏပိုမိုနေသည့်အတွက် စခန်းများတွင် နေထိုင်သည့်ကာလအနည်းငယ်ကြာမြင့်နိုင်ပါကြောင်း၊ ရေကြီးရေလျှံမှုနှင့် ဆက်စပ်ကြုံတွေ့ရလေ့ရှိသော ဝမ်းပျက်ဝမ်းလျှောအပါအဝင် အခြားသောရောဂါအန္တရာယ်များမဖြစ်စေရေး အထူးသတိပြုဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**



**❍ မုန်တိုင်းငယ်မှ**

ကမ်းရိုးတန်းဒေသများနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်တွင် မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့ (Sittwe)၏အနောက်-အနောက်မြောက်ဘက် ၃၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ကန်နင်းမြို့ (Canning)၏အနောက်မြောက်ဘက် ၅ မိုင်ခန့်နှင့်ကိုးလ်ကတ္တားမြို့ (Kolkata)၏အရှေ့တောင်ဘက် ၂၅ မိုင်ခန့်အကွာကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့်လေတိုက်နှုန်း**

အဆိုပါမုန်တိုင်းငယ်သည်မြန်မာစံတော်ချိန်၁၃:၃၀ နာရီအချိန်တွင် မြောက်လတ္တီကျူ ၂၂ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၈ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင်မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါမုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်ကာ ဂျက်ခမ်းပြည်နယ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့်မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

(မိုး/ဇလ)

**❒ ရှေ့ဖုံးမှအဆက်**

နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေးတို့အတွက်အရေးပါပြီး တန်ဖိုးရှိသည့် မောင်းနှင်အားတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ကျင်းပသည့် ဘဏ်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ MSME လုပ်ငန်းများသို့ ၎င်းတို့၏ ငွေကြေးရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ပြောကြားချက်အရသိရသည်။

ထို့ပြင် ဘဏ်များအနေဖြင့် ပြည်သူများ၏အပ်နှံငွေများကိုလက်ခံပြီး စီးပွားရေးလုပ်ငန်းများသို့ ချေးငွေအဖြစ် ပြန်လည်ခွဲဝေထုတ်ချေးပေးရခြင်းဖြစ်သည့်အတွက် အဆိုပါချေးငွေ၏ဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်ရေးနှင့် အရည်အသွေးကောင်းမွန်သည့် Quality Loan များဖြစ်ပေါ်စေရေးသည်လည်း အရေးကြီးကြောင်း၊ ချေးငွေ၏အရည်အသွေးနှင့်ပြန်လည်ပေးဆပ်နိုင်စွမ်းကို အလေးထားစောင့်ကြည့်ရန်လိုအပ်မည်ဖြစ်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားခဲ့ပြီး ဘဏ်များအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုဘဏ္ဍာရေးနှစ်မှစတင်၍ ပိုမိုထိရောက်စွာရင်းနှီးမြှုပ်နှံရေးနှင့်ချေးငွေထုတ်ချေးပေးနိုင်ရေးအတွက် ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရမည့် နည်းလမ်းများကိုဦးစားပေးကဏ္ဍတစ်ခုချင်းစီအလိုက် မှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက တွေ့ကြုံရသည့် အခက်အခဲများ၊ ၎င်းတို့၏ ငွေကြေးရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်မည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ **မြဝတီ**



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice President Daw Nan Ni Ni Aye addresses first working coordination meeting of Steering Committee for 27th Myanmar Traditional Cultural Performing Arts Competition

NAY PYI TAW August 13

The first working coordination meeting of the Steering Committee for the 27th Myanmar Traditional Cultural Performing Arts Competition (2026) was held this afternoon at the Cultural Treasure Hall of the Ministry of Hotels, Tourism and Culture in Nay Pyi Taw. Vice President Daw Nan Ni Ni Aye, Patron of the Steering Committee, attended the meeting and delivered remarks.

The meeting was attended by Chairman and members of the Steering Committee, including Union Ministers, the Chairman of the Nay Pyi Taw Council, Deputy Ministers, State and Region Government Ministers, heads of departments, subject-matter experts and other officials.



Vice President Daw Nan Ni Ni Aye delivers an address at the first coordination meeting of Steering Committee for 27th Myanmar Traditional Cultural Performing Arts Competition.

In her opening remarks, Vice President Daw Nan Ni Ni Aye said the meeting was important for preserving Myanmar's traditional cultural heritage, passing it on to younger generations and further promoting national culture. She noted that Myanmar has preserved its ancient cultural traditions for thousands of years, with traditional singing, dancing, writing and musical arts serving as valuable intangible cultural heritage that reflects the spirit, beliefs, culture and way of life of the Myanmar people.

She stressed that, amid rapid technological development and increasing global cultural exchanges, it is necessary not only to preserve, rediscover and promote Myanmar's traditional cultural heritage but also to make it appealing to younger generations so that it can be effectively passed on to them. She said the Myanmar Traditional Cultural Performing Arts Competition should not be viewed merely as a contest to determine winners and losers. Rather, it is an important national cultural event that can help identify and nurture new generations of artists, preserve and develop traditional arts, foster appreciation of national culture and strengthen national resilience.

She said the 27th competition should be organized in a more systematic and qualitative manner, drawing on the valuable experiences of previous competitions. She called for clear and precise rules and regulations, fair, transparent and professional judging, and accurate assessment of contestants' abilities. She added that the State has consistently encouraged the preservation and development of Myanmar's cultural heritage and arts, as well as the promotion of Myanmar's national culture on the international stage. She therefore urged all relevant stakeholders to work together to ensure that the competition becomes a successful event that reflects national unity, cultural dignity and Myanmar's artistic traditions.

The Vice President also stressed the need for thorough preparations and effective arrangements to successfully hold the competition. She called for the centrally organized event to reflect the national cultural characteristics and traditions of the Myanmar people and urged attendees to openly and cordially share their views and suggestions.

Next, Chairman of the Steering Committee and Union Minister for Hotels, Tourism and Culture U Maung Myint explained the competition's work plans and prize-awarding arrangements. Secretary of the Steering Committee and Deputy Minister U Aye Tun reported on completed, ongoing and planned tasks.

Following this, officials from relevant sectors reported on preparations and measures being undertaken to successfully organize the 27th Myanmar Traditional Cultural Performing Arts Competition. Vice President Daw Nan Ni Ni Aye discussed and coordinated the necessary matters, delivered concluding remarks and brought the meeting to a close.

**Myawady**

## Pwintbyu Township plans to grow more than 1,800 acres of lablab beans this monsoon

PWINTBYU August 13

A plan is underway to grow 1,846 acres of lablab beans as monsoon crops in Pwintbyu Township of Magway Region this year, according to Pwintbyu Township Agriculture Department.

In Pwintbyu Township, a plan has been made to cultivate 1,846 acres of lablab bean during this year's monsoon crop season, with planting scheduled from June to September, according to reports.

It is reported that the Department of Agriculture will provide support and conduct agricultural awareness activities for lablab bean farmers in Pwintbyu Township this year, including expanding cultivated acreage, improving yields, promoting cultivation using Good Agricultural Practices (GAP), encouraging the use of high-yielding quality varieties suitable for the local area, preventing pests and diseases, and following post-harvest technologies. Daw Moe Moe Wai said that if lablab bean can be cultivated to achieve improved yields, it will not only ensure sufficient domestic consumption but also allow surplus production to be exported, generating income and contributing to socio-economic development. Therefore, farmers across different areas should make efforts to expand lablab bean cultivation.

**SK**

## Wakema Township plans to grow more than 1,000 acres of kitchen crops this monsoon

WAKEMA August 13

A plan has been set to cultivate 1,055 acres of kitchen crops as monsoon crops in Wakema Township of Ayeyawady Region this year, said Daw Khin Htay Myint, Head of Myaungmya District Agriculture Department.

In Wakema Township, 1,055 acres of kitchen crops have been planned for cultivation during this year's monsoon crop season, with planting scheduled to begin in the first week of July. The Department of Agriculture is conducting field visits to provide agricultural technology training to support the cultivation of these monsoon crops.

It is reported that the 1,055 acres of kitchen crops planned for cultivation in Wakema Township during this year's monsoon crop season will include cauliflower, coriander, radish, yardlong bean, eggplant, bottle gourd, water spinach, okra, bitter gourd, and cowpea varieties.

To ensure the successful growth of these crops, prevent pest risks, and reduce losses caused by natural disasters and other factors, staff from the Department of Agriculture are conducting field visits to farms and meeting with farmers to provide agricultural knowledge and awareness.

**SMK**

# Myaung Township earmarks cultivation of more than 4,000 acres of rainfed paddy



MYAUNG August 13

Statistics of Myaung Township Agriculture Department stated that local authorities earmarked cultivation of 4,002 acres of rainfed paddy in Myaung Township of Sagaing Region this year.

During the 2026-2027 monsoon crop season, a plan has been made to cultivate 4,002 acres of rainfed paddy in Myaung Township. The cultivation of monsoon paddy will be carried out from July to September this year.

"This year's monsoon crop season, Myaung Township has planned to cultivate 4,002 acres of monsoon paddy. We will provide necessary assistance to ensure that the targeted acreage is fully cultivated. We will provide the necessary agricultural techniques and quality seeds for monsoon paddy cultivation. We will also conduct field visits to help farmers grow monsoon paddy on time," said U Myint Thu, Head of the Township Agriculture Department in Myaung Township.

The relevant Township Agriculture Department and local farmers will cooperate to ensure that monsoon paddy is cultivated systematically without difficulties during this year's monsoon crop season.

In Myaung Township, farmers cultivating monsoon paddy will be provided with agricultural techniques, awareness on pest prevention and control, and guidance to prevent crop damage and losses. They will also be informed to ensure that harvested paddy is transported under shelter in a timely manner.

It is learnt that staff from the Township Agriculture Department will conduct field activities to provide agricultural technical assistance, including selecting and cultivating quality and pure seeds, monitoring pest infestations, weeding and loosening soil, removing off-type plants, and using fertilizers systematically, in order to ensure the successful growth and good yield of monsoon paddy fields cultivated in Myaung Township this year.

**SK**

# Cultivation of more than 3,000 acres of green gram completes in Ayadaw Township

AYADAW August 13

According to the Township Agriculture Department, local farmers planted more than 3,000 acres of green gram as monsoon crops in Ayadaw Township of Sagaing Region this year.

During the 2026-2027 monsoon crop season, Ayadaw Township has planned to cultivate 12,380 acres of green gram. Cultivation began in May this year, and so far, farmers have planted 3,124 acres of crops.

"This year's monsoon crop season, Ayadaw Township has planned to cultivate more than 12,000 acres of green gram. More than 3,000 acres have already been planted as of today. We are working to ensure that the targeted acreage is fully cultivated. Regarding green gram cultivation, we are providing awareness activities to encourage expansion of cultivation and to promote the use of quality and pure seeds to achieve good yields," said U Kyaw Soe, Head of the Township Agriculture Department in Ayadaw Township.

It is learnt that the Township Agriculture Department in Ayadaw Township is providing green gram farmers with awareness on obtaining quality and pure seeds suitable for local conditions, proper cultivation methods, prevention of pest infestations, systematic use of fertilizers, and achieving higher yields.

During this year's monsoon crop season, it is learnt that, in order to improve the yield and quality of various pulse crops, necessary quality and pure seeds, agricultural inputs, and post-harvest technology training are being provided in cooperation with farmers.

**SMK**

# Farmers grow more than 11,000 acres of rainfed sesame in Budalin Township

BUDALIN August 13

Statistics of Budalin Township Agriculture Department in Sagaing Region stated that local farmers have planted more than 11,000 acres of rainfed sesame in the township this year.

Local authorities earmarked cultivation of 53,110 acres of rainfed sesame in the township in 2026-2027 monsoon season cultivation period. Local farmers started their cultivation of crops in May this year, and so far, they have planted 11,248 acres of sesame.

In Budalin Township, during this year's monsoon cropping season, it has been planned to cultivate over 53,000 acres of rainfed sesame. As of today, more than 11,000 acres have already been planted, and efforts are underway to ensure that the targeted acreage is fully achieved. Work is also being carried out to expand sesame cultivation, improve yields, and promote Good Agricultural Practices (GAP), according to U Phyo Wai, Head of the Agriculture Department in Budalin Township.

During this year, the Township Agriculture Department has been providing awareness to rainfed sesame farmers in Budalin Township on expanding sesame cultivation, applying proper farming techniques, adopting GAP methods, using high-quality and pure seed varieties, and cultivating high-yielding crops.

Crops produced under GAP systems have advantages over those grown using other methods, including higher quality, better prices, and the ability to be exported not only to domestic markets but also to international markets.

**SMK**

# Pantanaw Township supplies river catfish to Yangon market



PANTANAW August 13

Daw Aye Win, the owner of fishery product trading depot in Pantanaw Township of Ayeyawady Region, said that local merchants shipped 52,000 viss of river catfish to Yangon market.

River catfish exports from Pantanaw Township to the Yangon market reached 52,000 viss.

"During the past month, we exported up to 52,000 viss of river catfish. The volume exported was considerably higher than in the previous month. Aquatic products produced in Pantanaw Township are being exported to the Yangon market. Demand for aquatic products from Yangon has been good both over the past month and at present. River catfish are also actively traded in the domestic market. As exports have increased, people involved in the river catfish business have seen better business conditions," said Daw Aye Win.

River catfish exported from Pantanaw Township to the Yangon market are currently fetching up to Ks-185,000 per 10 viss, it is reported. Due to the increased exports of river catfish to the Yangon market, fish farmers, fish traders, fish pond workers, and truck operators are experiencing improved business conditions.

**SK**

# Heavy rain pounds eastern Japan, triggers top-level warning

TOKYO August 13

Heavy rain pounded eastern Japan on Thursday, prompting the weather agency to issue the highest level of emergency warning for parts of Chiba Prefecture near Tokyo in the evening.

The Japan Meteorological Agency (JMA) issued a Level Five Emergency Warning, the highest on its scale, for heavy rain in 18 cities and a town in Chiba Prefecture, east of Tokyo, on Thursday evening.

The JMA also issued a Level Five Emergency Warning for landslides for the cities of Chiba and Ichihara in the prefecture.

According to the Fire and Disaster Management Agency, as of 10 p.m. local time, evacuation orders had been issued for more than 218,000 people in Chiba, Ibaraki and Saitama prefectures.

One person was confirmed dead in Ichikawa City in Chiba Prefecture, Kyodo News reported.

A woman in her 70s was taken to hospital but is feared dead after she was found trapped inside a car on a flooded road in Kashiwa, also in Chiba Prefecture, the report said.

At a press conference on Thursday evening, the weather agency urged people to exercise utmost caution. An official said: "This is the kind of heavy rain that people have not experienced before. It's highly likely that disasters have already occurred in areas expected to be flooded."



**Xinhua**

## Iran says no vessels can cross Hormuz Strait without its permission

TEHRAN August 13

Iran's main military command, Khatam al-Anbiya Central Headquarters, said on Thursday that no commercial vessel or oil tanker has been, or will be, able to cross the Strait of Hormuz safely without the Iranian armed forces' permission and supervision.

In a video message carried by Iranian media, Ebrahim Zolfaghari, the headquarters' spokesman, said that, as in the past, the Strait of Hormuz is under Iran's full control and management, rejecting U.S. claims about vessels' normal passage through the Strait of Hormuz as being "false and nothing but lies."

He added the U.S. "false" claims are indicative of its army's "desperation and helplessness," stressing that the U.S. leaders and army have well tested the Iranian armed forces' "power and resistance."

Zolfaghari stressed that Iran's armed forces are monitoring all movements by the United States and Israel in the region, and will not hesitate to defend the Iranian people's rights as well as the country's national sovereignty and aspirations, and will respond to any threat.

His remarks came after U.S. President Donald Trump claimed on social media that the United States maintains "total control" over the Strait of Hormuz.

Iran tightened its grip on the Strait of Hormuz on February 28, barring safe passage of vessels belonging to or affiliated with Israel and the United States following their joint strikes on Iranian territory.

**Xinhua**

# Zimbabwe boat capsize death toll rises to 46



HARARE August 13

The death toll in the boat capsize incident in Lake Kariba of Zimbabwe has risen to 46, police said Thursday.

"The Zimbabwe Republic Police advises Zimbabweans and relevant stakeholders that the death toll in the Kariba RIDA boat accident is now 46," the police said in a statement on the social media platform X. "In the same vein, the names of the victims who perished in the accident will be released in due course."

The southern African country's president, Emmerson Mnangagwa, on Wednesday declared the accident a national disaster and directed relevant authorities to provide all necessary assistance to the affected families, including medical, psychological and funeral support.

The boat, which was traveling from Kariba town to the Chalala Fishing Camp, was reportedly carrying 144 passengers, five crew members and an unconfirmed number of children. A total of 77 people have been rescued from the lake.

A memorial service was held for the victims in a stadium in the resort town Thursday.

**Xinhua**

# 10 killed in landslide in W. Nepal

KATHMANDU August 13

A landslide triggered by incessant rainfall in Nepal's western Rolpa District has killed 10 people and left two others missing, police said on Thursday.

The landslide occurred on Wednesday night in a remote hilly area, sweeping away nine houses, two cowsheds, a shop and a church. The entire small settlement was washed away by the disaster.

"Five bodies have been recovered from the landslide site," Krishna Shrestha, spokesperson for the district police, told Xinhua. The other five bodies were recovered several kilometers away in neighbouring Pyuthan District after they were swept downstream.

Two survivors are receiving treatment while a search operation is underway for the remaining two missing people.

Rescue efforts were hampered by the difficult terrain and remote location of the affected area.

**Xinhua**

## Lightning strike sends 16 Ohio inmates to hospital

WASHINGTON August 13

A lightning strike at an Ohio prison injured 16 inmates, leaving one seriously hurt, as deadly storms swept across the US Midwest, state authorities said.

Lightning struck the Grafton Correctional Institution on Tuesday as a group of "incarcerated individuals were returning from the evening meal," the Ohio Department of Rehabilitation and Correction (ODRC) said.

All 16 were initially taken to outside hospitals, with one evacuated by air ambulance. By Wednesday, four remained hospitalized, including one with serious injuries, according to Governor Mike DeWine. No deaths or staff injuries were reported.

The lightning strike came during severe storms that swept across the US Midwest, bringing tornadoes, flash flooding, powerful winds, and widespread power outages.

Preliminary data from the US weather service's Storm Prediction Center indicated that the system could qualify as a derecho – a widespread, long-lived windstorm associated with a fast-moving line of thunderstorms. Video published by the Ohio Department of Transportation shows powerful winds flipping a moving car on a highway in Columbus. At least three deaths were reported during the storms.

An Ohio resident died during a medical emergency after flash flooding prevented first responders from reaching him, Governor Mike DeWine said. A four-year-old boy was killed after a tree fell on a home in Indiana on Tuesday, according to local authorities. A third person died in a house explosion in Portage, Indiana, which authorities were investigating as potentially weather-related, the Associated Press reported.

**RT**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 57 Verb + -ing or to … 2 (try, need, help)

### A **try to** … and **try -ing**

**try to do** = attempt to do, make an effort to do:

- I was very tired. I **tried to keep** my eyes open, but I couldn't.
- Please **try to be** quiet when you come home. Everyone will be asleep.

**try something** or **try doing something** = do it as an experiment or test:

- These cakes are delicious. You should **try one**. (= have one to see if you like it)
- We couldn't find anywhere to stay. We **tried every hotel** in the town, but they were all full. (= we went to every hotel to see if they had a room)
- A: The photocopier doesn't seem to be working.
  B: **Try pressing** the green button.

(= press the green button – perhaps this will help to solve the problem)

Compare:

- **I tried to move** the table, but it was too heavy. (so I couldn't move it)
- I didn't like the way the furniture was arranged, so I **tried moving** the table to the other side of the room. But it didn't look right, so I moved it back again. (I **tried moving** it = I moved it to see if it looked better)

### B **need to** … and **need -ing**

**I need to do** something = it is necessary for me to do it:

- He **needs to work** harder if he wants to make progress.
- I don't **need to come** to the meeting, do I?

You can say that something **needs -ing:**

- My phone **needs charging**. (= it **needs to be charged**)
- Does your suit **need cleaning**? (= … **need to be cleaned**)
- It's a diff icult problem. It **needs thinking about** carefully. (= it **needs to be thought about** carefully)




Compare:

**I** need **to charge** my phone.

but **My phone** needs **charging**.

### C **help** and **can't help**

You can say **help to do** or **help do** (with or without **to**):

- Everybody **helped to clean** up aft er the party. or
  Everybody **helped clean** up …
- Can you **help** me **move** this table? or
  Can you **help** me **to move** …

**I can't help doing** something = I can't stop myself doing it:

- I don't like him, but he has a lot of problems.
  I **can't help feeling** sorry for him.
- She tried to be serious, but she **couldn't help laughing**. (= she couldn't stop herself laughing)
- I'm sorry I'm so nervous. I **can't help it.** (= I can't help **being** nervous)



She **couldn't help laughing**.

Verb+ ing — Unit 53 Verb+to — Unit 54-55 Other verbs+ing or to — Unit 56,58

Raymond Murphy

# ကီလိုမီတာ ၂၃၀၀ အထိသွားနိုင်ပြီး ဒေါ်လာ ၁၅၀၀၀ အောက်နဲ့ ဝယ်ယူနိုင်မယ့် BYD ရဲ့ Seal 06



ထုတ်လုပ်သူတွေဘက်က ဈေးသက်သာတဲ့လျှပ်စစ်ကား (EV) ထုတ်ပေးမယ်လို့ ကတိပေးတိုင်းမှာ ပလတ်စတစ်တံခါး၊ စွမ်းအားမရှိတဲ့အင်ဂျင်နဲ့ ဂိမ်းစက်အဟောင်းလောက်တောင်မကြီးတဲ့ နည်းပညာစခရင်တွေပဲရလေ့ရှိပါတယ်။ ဒါပေမဲ့ တရုတ်မှာတော့ အခြေအနေကလုံးဝခြားနားပါတယ်။

BYD က ၂၀၂၇ ခုနှစ်ထွက် Seal 06 ကားအသစ်ကို မိတ်ဆက်လိုက်ပါပြီ။ Plug-in Hybrid ကနေ လျှပ်စစ်သီးသန့် (Pure EV) အထိ အမျိုးအစားပေါင်း ၁၂ မျိုးတောင် ထုတ်လုပ်ပေးထားပါတယ်။ ဒါဟာ ဝယ်ယူသူတွေရဲ့မျှော်လင့်ချက်ကို လုံးဝပြောင်းလဲပစ်လိုက်တာပါ။ ဒါဟာစလစ်စာရွက်ကိုပြန်ကြည့်၊ ငွေလဲနှုန်းကိုပြန်စစ်ပြီး ဘယ်နေရာမှာများ အလိမ်အညာပါနေမလဲလို့ မေးခွန်းထုတ်ရလောက်အောင် ဖြစ်စေတဲ့ကားတစ်စီးလည်း ဖြစ်ပါတယ်။

အပြင်ပိုင်းမှာ BYD ရဲ့ Ocean-series ဒီဇိုင်းက ပိုပြီးရင့်ကျက်ကာတည်ငြိမ်လာပါတယ်။ ရှေ့ပိုင်းမှာက Wave Star River လို့ခေါ်တဲ့ LED မီးလုံးနှစ်လုံးပါ ရှေ့မီးကြီးတွေနဲ့ 3D လေပေါက်ဒီဇိုင်းသစ် ပေါင်းစပ်ထားပြီး A Pillar၊ B Pillar၊ C Pillar တွေကို အနက်ရောင်ပြောင် ပြုလုပ်ပေးထားတာကြောင့် အမိုးကလေထဲမှာမျောနေသလို ခံစားချက်ကိုရရှိစေပါတယ်။ အရောင်အားဖြင့်ဆိုရင်လည်း Warm Sun White၊ Polar Tide Green၊ Cloud Sea Grey၊ Snowy White နဲ့ Atlantis Grey အရောင်တွေနဲ့ ရနိုင်ပြီး အဝေးကကြည့်ရင်တောင် သပ်ရပ်ကာခံ့ညားမှုကို ပေးစွမ်းပါတယ်။

Seal 06 ရဲ့ အလျားက ၁၉၁ ဒသမ ၇ လက်မ၊ အနံ ၇၄ ဒသမ ၄ လက်မ၊ အမြင့် ၅၈ ဒသမ ၉ လက်မရှိပြီး ဘီးအကွာအဝေးကို ၁ ဒသမ ၁၈ လက်မ တိုးမြှင့်ကာ ၁၁၁ လက်မအထိထားပေးထားပါတယ်။ မြေပြင်ကင်းလွတ်အမြင့်ကတော့ ၅ ဒသမ ၃ လက်မရှိပါတယ်။ နှိုင်းယှဉ်ပြရရင် Tesla Model 3 ထက် ပိုရှည်၊ ပိုကျယ်ပြီး ပိုမြင့်ပါတယ်။ Hyundai Ioniq 6 နဲ့လည်း အတိုင်းအတာအားလုံးနီးပါးတူပါတယ်။ BYD ဟာ အလတ်စားဆီဒင်ကားတွေရဲ့ အတိုင်းအတာအတိုင်းတည်ဆောက်ထားပြီး ဈေးနှုန်းကိုတော့ အခြေခံကားအသေးစားလေးတွေထက်တောင် သိသိသာသာလျှော့ချထားတာပါ။

အခြေခံအမျိုးအစားမှာတော့ ပလတ်စတစ်အမာတွေအစား သားရေအိအိလေးတွေနဲ့ ပြင်ဆင်ပေးထားပါတယ်။ အလယ်မှာလည်းဂီယာတံကို စတီယာရင်ဘေးကို ရွှေ့လိုက်တာကြောင့် 50W ကြိုးမဲ့ဖုန်းအားသွင်းပြားနဲ့ ပစ္စည်းထည့်စရာ နေရာကျယ်ကျယ်ရရှိသွားပါတယ်။ နည်းပညာကြိုက်သူတွေအတွက် ၁၅ ဒသမ ၆ လက်မရှိပြီး လှည့်လို့ရတဲ့ဖန်သားပြင်ကြီး၊ ၈ ဒသမ ၈ လက်မ ဒီဂျစ်တယ် ဒက်ရှ်ဘုတ်နဲ့ ၂၉ လက်မ W-HUD ပရိုဂျက်တာစခရင်တွေ ပါဝင်ပါတယ်။ဒါတွေကို DeepSeek ရဲ့ AI အသံစနစ်ပါဝင်တဲ့ DiLink စနစ်နဲ့ မောင်းနှင်ထားပြီး စကားပြောဆိုမှုတွေကို လွယ်လင့်တကူနားလည်ပေးနိုင်ပါတယ်။

အမြင့်ဆုံးအဆင့်အမျိုးအစားတွေမှာတော့ LiDAR စနစ်ပါဝင်တဲ့ God's Eye 5.0 စနစ်ပါဝင်ပြီး လမ်းမကြီးတွေနဲ့ မြို့တွင်း အလိုအလျောက်မောင်းနှင်စနစ်တွေအပြင် အလိုအလျောက် ကားပါကင်ထိုးပေးတဲ့စနစ်တွေ ပါဝင်လာပါတယ်။ စက်ပိုင်းဆိုင်ရာမှာတော့ နှစ်မျိုးရွေးချယ်နိုင်ပါတယ်။ ပထမတစ်ခုက DM-i Plug-in Hybrid ဖြစ်ပြီး ၁ ဒသမ ၅ လီတာ အင်ဂျင်နဲ့ လျှပ်စစ်မော်တာကိုပေါင်းစပ်ထားတာဖြစ်ပါတယ်။ ဘက်ထရီစွမ်းအင် ၂၅ ဒသမ ၃ ကီလိုဝပ်နာရီ သို့မဟုတ် ၃၄ ဒသမ ၃ ကီလိုဝပ်နာရီ တို့ကိုရွေးချယ်နိုင်ကာ လျှပ်စစ်သီးသန့်နဲ့ဆိုရင် ၁၄၃ မိုင်မှ ၁၉၉ မိုင်အထိ မောင်းနှင်နိုင်ပါတယ်။ ဆီတိုင်ကီနဲ့ ပေါင်းစပ်လိုက်ရင် စုစုပေါင်း မိုင်ပေါင်း ၁၄၇၃ မိုင် (ကီလိုမီတာ ၂၃၀၀ ခန့်) အထိ မောင်းနိုင်မှာဖြစ်ပါတယ်။

လျှပ်စစ်သီးသန့် (Pure EV) အမျိုးအစားမှာတော့ 800V စနစ်ကို သုံးထားပြီး ဒုတိယမျိုးဆက် LFP Blade ဘက်ထရီ (၅၂ ဒသမ ၉ ကီလိုဝပ်နာရီ သို့မဟုတ် ၆၄ ဒသမ ၃ ကီလိုဝပ်နာရီ) ပါဝင်ကာ ခရီးအကွာအဝေး ၃၂၉ မိုင်ကနေ ၃၉၁ မိုင်အထိမောင်းနိုင်ပါတယ်။ မော်တာက မြင်းကောင်ရေ ၃၂၂ ကောင်အားထုတ်ပေးနိုင်တာကြောင့် ကီလိုမီတာ ၁၀၀ နှုန်းအထိကို ၅ ဒသမ ၉ စက္ကန့်နဲ့ အရောက်မောင်းနိုင်ပါတယ်။

ဈေးနှုန်းအနေနဲ့ Plug-in Hybrid အမျိုးအစားကို ယွမ် ၉၉၉၀၀ (ဒေါ်လာ ၁၄၇၀၀ ခန့်) မှ ယွမ် ၁၄၁၉၀၀ (ဒေါ်လာ ၂၀၈၀၀ ခန့်) အထိ သတ်မှတ်ထားပြီး Pure EV အမျိုးအစားကိုတော့ ယွမ် ၁၀၉၉၀၀ (ဒေါ်လာ ၁၆၁၀၀ ခန့်) မှ ယွမ် ၁၅၅၉၀၀ (ဒေါ်လာ ၂၂၉၀၀ ခန့်) အထိ သတ်မှတ်ထားတာဖြစ်ပါတယ်။

Ref: AEV

ကိုထက်

# လူတူစက်ရုပ်ထုတ်လုပ်ဖို့ ပြင်ဆင်နေတဲ့ Samsung

Samsung ကုမ္ပဏီက အိမ်သုံးလျှပ်စစ်ပစ္စည်းတွေမှာအသုံးပြုတဲ့ မော်တာနည်းပညာကိုအခြေခံပြီး ကုန်ကျစရိတ်သက်သာတဲ့ လူတူစက်ရုပ်တွေကို ကိုယ်တိုင်ထုတ်လုပ်ဖို့ပြင်ဆင်နေပါတယ်။ တောင်ကိုရီးယားနည်းပညာကုမ္ပဏီဖြစ်တဲ့ Samsung က လူတူစက်ရုပ်ထုတ်လုပ်နေတဲ့ Rainbow Robotics ကုမ္ပဏီရဲ့ ရှယ်ယာအများစုကို ပိုင်ဆိုင်ထားပေမယ့်အခုအခါမှာတော့ သူ့ရဲ့ကိုယ်ပိုင်ထုတ်လုပ်မှုစွမ်းအားကို အသုံးပြုပြီး စက်ရုပ်များကို ကိုယ်တိုင်သီးသန့်ဒီဇိုင်းထွင်ဖန်တီးနေတာဖြစ်ပါတယ်။

သတင်းတွေအရ Samsung ဟာ စက်ရုပ်တွေရဲ့ အဆစ်အမျက်တွေလို လှုပ်ရှားပေးနိုင်တဲ့ အဓိကအစိတ်အပိုင်းတွေကို အိမ်သုံးလျှပ်စစ်ပစ္စည်းတွေမှာ အသုံးပြုလေ့ရှိတဲ့ မော်တာနည်းပညာပေါ်အခြေခံပြီး ကိုယ်တိုင်ထုတ်လုပ်နေတာပါ။ ဒီနည်းလမ်းဟာ စက်ရုပ်ထုတ်လုပ်မှုစရိတ်ကို သိသိသာသာ လျှော့ချပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် Samsung ဟာ မကြာသေးမီကမှ CEO တိုက်ရိုက်ကွပ်ကဲတဲ့ RX ဆိုတဲ့ စက်ရုပ်သီးသန့်ဌာနခွဲတစ်ခုကို တည်ထောင်ခဲ့ပါတယ်။ အနာဂတ်မှာ Samsung ကုမ္ပဏီဟာ ကိုယ်ပိုင်တံဆိပ်နဲ့ လူတူစက်ရုပ်တွေကို ဈေးကွက်ထဲ တိုက်ရိုက်ရောင်းချတာအပြင် အခြားစက်ရုပ်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေကိုလည်း အရည်အသွေးမြင့်မားတဲ့စက်ရုပ်အပိုပစ္စည်းများ၊ စစ်ဆေးရေးစနစ်များနဲ့ ချစ်ပြားများကို ပြန်လည်ဖြန့်ဖြူးရောင်းချသွားဖို့ မျှော်လင့်ရပါတယ်။

Ref: IE

ကိုထက်





# 5G ကွန်ရက်အသုံးပြုပြီး ဒရုန်းများကိုခြေရာခံနိုင်မယ့်နည်းပညာ

အမေရိကန်နိုင်ငံရဲ့စစ်ဘက်နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ Lockheed Martin ဟာ လေထုထဲမှာ ပျံသန်းနေတဲ့ ဒရုန်းတွေကို လက်ရှိအသုံးပြုနေတဲ့ 5G ကွန်ရက်တွေသုံးပြီး ခြေရာခံကာစောင့်ကြည့်နိုင်တဲ့ NetSense Airspace Awareness-as-a-Service နည်းပညာကို မိုင်ယာမီမြို့မှာ အောင်မြင်စွာ စမ်းသပ်ပြသနိုင်ခဲ့ပါတယ်။ ဒီစမ်းသပ်မှုကို Verizon ရဲ့ လက်ရှိသုံးစွဲနေတဲ့ 5G ကွန်ရက်လိုင်းတွေ၊ NVIDIA ရဲ့ AI နည်းပညာ၊ Keysight Technologies၊ ODC နဲ့ Astris AI တို့နဲ့ ပူးပေါင်းလုပ်ဆောင်ခဲ့တာပါ။ အဓိကထူးခြားချက်ကတော့ 5G တာဝါတိုင်တွေ သို့မဟုတ် ကွန်ရက်စနစ်တစ်ခုလုံးကို တစ်စုံတစ်ရာ ပြုပြင်ပြောင်းလဲလိုက်ရတာမျိုး ဒါမှမဟုတ် အာရုံခံကိရိယာအသစ်တွေ တပ်ဆင်လိုက်ရတာမျိုးမလိုအပ်ဘဲလက်ရှိ 5G ကွန်ရက်အတိုင်း အသုံးပြုနိုင်တာပဲ ဖြစ်ပါတယ်။

သူ့ရဲ့စနစ်အလုပ်လုပ်ပုံက ဒရုန်းတွေ လေထုထဲ ပျံသန်းတဲ့အခါ 5G ရေဒီယိုလှိုင်းတွေကို အနည်းငယ်အနှောင့်အယှက်ဖြစ်စေပါတယ်။ NetSense နည်းပညာက အဲဒီလှိုင်းပြောင်းလဲမှု အချက်အလက်တွေကို AI စနစ်သုံးကာ အချိန်နဲ့တစ်ပြေးညီ ပိုင်းခြားစိတ်ဖြာပြီး ဒရုန်းတည်နေရာနဲ့ ပျံသန်းမှုလမ်းကြောင်းကို အလိုအလျောက်ခြေရာခံကာ အသိပေးချက်တွေပေးပို့ပေးတာဖြစ်ပါတယ်။

အသုံးပြုနိုင်မယ့်နယ်ပယ်များကတော့ ဒီနည်းပညာဟာ လေဆိပ်တွေ၊ အရေးပါတဲ့အခြေခံအဆောက်အအုံတွေ၊ ပွဲကျင်းပတဲ့နေရာတွေ၊ စာသင်ကျောင်းတွေနဲ့ ဆေးရုံတွေမှာ ခွင့်ပြုချက်မရှိဘဲ ပျံသန်းလာတဲ့ ဒရုန်းတွေကို လုံခြုံရေးအရ စောင့်ကြည့်ကာကွယ်ဖို့အတွက် ထိရောက်တဲ့ စနစ်တစ်ခုဖြစ်လာမှာဖြစ်တယ်လို့ ကုမ္ပဏီကထုတ်ပြန်ထားပါတယ်။

Ref: IE

ကိုထက်

# NATO တပ်ဖွဲ့က အာတိတ်ဒေသကို စစ်ပုံသွင်းနေဟုဆို

**မော်စကို၊ စစ်ရေး**

NATO တပ်ဖွဲ့ဟာ အာတိတ်ဒေသမှာ စစ်ရေးလေ့ကျင့်မှုတွေကို ပုံမှန်ဆိုသလို လုပ်ဆောင်လာနေပါတယ်။ ဒီလိုမျိုးလုပ်ဆောင်ရာမှာ NATO တပ်ဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေနဲ့ပါ စစ်ရေးလေ့ကျင့်ခန်းတွေကို တိုးမြှင့်လုပ်ဆောင်လာနေတာပါ။ သူတို့လုပ်ဆောင်တဲ့စစ်ရေးလေ့ကျင့်ခန်းတွေထဲမှာ တိုက်စစ်ပုံပြစစ်ရေးလေ့ကျင့်ခန်းတွေလည်းပါဝင်နေပါတယ်။ ဒါကြောင့် NATO တပ်ဖွဲ့ဟာ အာတိတ်ဒေသကိုစစ်ပုံပြနေတယ်လို့ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဥရောပရေးရာဌာနညွှန်ကြားရေးမှူးဖြစ်တဲ့ ဗလာဒီဆလပ်မာဆလန်နီကော့က ပြောလိုက်ပါတယ်။

ဒါ့အပြင် NATO တပ်ဖွဲ့က အာတိတ်ဒေသကိုစစ်ပုံပြဖို့အတွက် ရုရှားကိုရည်ညွှန်းတဲ့ အရှေ့ပိုင်းအန္တရာယ်များကို တွန်းလှန်ရန်ဆိုတဲ့အကြောင်းပြချက်ပေးနေပါတယ်။ တစ်ချိန်တည်းမှာပဲ NATO တပ်ဖွဲ့အနေနဲ့ စစ်အသုံးစရိတ်များကို သိသိသာသာတိုးမြှင့်လာနေတာဟာ တစ်ကမ္ဘာလုံးဆိုင်ရာစစ်ပုံပြမှုနဲ့ လက်နက်အပြိုင်တပ်ဆင်မှုကို ဖြစ်ပေါ်လာစေနိုင်တယ်လို့ ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောထားပါတယ်။ တကယ်တမ်းကျရင် အာတိတ်ဒေသဆိုတာ ပူးပေါင်းဆောင်ရွက်ရမယ့် နယ်မြေသာ ဖြစ်သင့်ကြောင်း ပူတင်ကဆိုပါတယ်။

**Ref: Sputnik**



# တရုတ်က AI နည်းပညာသုံးပြီး ကိုယ်ပျောက်တိုက်လေယာဉ်များကို ခြေရာခံလာနိုင်

**ပေကျင်း၊ နည်းပညာ**

ကမ္ဘာ့အဆင့်အမြင့်ဆုံး ကိုယ်ပျောက်တိုက်လေယာဉ်တွေကိုပြပါဆိုရင် အမေရိကန်ထုတ် F-35 နဲ့ F-22 တွေဖြစ်တယ်လို့ လေ့လာသူများကပြောထားပါတယ်။ ဒါပေမဲ့ အခုတော့တရုတ်နိုင်ငံရဲ့ AI နည်းပညာအောက်မှာ ကိုယ်ပျောက်လေယာဉ်ဆိုတာ မရှိလာနိုင်တော့ပါဘူး။

ကိုယ်ပျောက်လေယာဉ်တွေဆိုပေမယ့်လည်း သူတို့ရဲ့အားနည်းချက်က အပူငွေ့ထွက်ရှိတာပါ။ တရုတ်သုတေသနပညာရှင်များက ဒီအားနည်းချက်ကိုအခွင့်ကောင်းယူပြီး ကိုယ်ပျောက်တိုက်လေယာဉ်တွေကိုထောက်လှမ်းနိုင်မယ့် AI နည်းပညာကို ဖန်တီးလိုက်တာပါ။

အဲဒီ AI နည်းပညာက အပေါ်စား AI စနစ်ဖြစ်ပြီး ကိုယ်ပျောက်တိုက်လေယာဉ်တွေမှာအသုံးပြုတဲ့ အပူငွေ့ထွက်ရှိမှုကို ကောင်းစွာအာရုံခံနိုင်စွမ်းရှိတာတွေ့ရပါတယ်။ တရုတ်သုတေသနပညာရှင်များရဲ့ သုတေသနထဲမှာ အဲဒီ AI နည်းပညာက F-35 နဲ့ F-22 တို့ကိုပစ်မှတ်ထားနိုင်တဲ့ အထိအောင်မြင်မှုရရှိခဲ့တာကိုတွေ့ရှိရပါတယ်။

"ဒီစနစ်တွေကို အနာဂတ်ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်တွေမှာသာ တပ်ဆင်မယ်ဆိုရင် ဒုံးကျည်အနေနဲ့ ပစ်မှတ်နောက်ကို ထက်ကြပ်မကွာလိုက်နိုင်စွမ်း ပိုမိုမြင့်မားလာမှာ ဖြစ်ပါတယ်" လို့ သုတေသနပညာရှင်တစ်ဦးဖြစ်တဲ့ ကျန်းရှန်က ပြောထားပါတယ်။

ဒီသုတေသနကိုလုပ်ဆောင်သူများက ပေကျင်းနည်းပညာတက္ကသိုလ်မှပညာရှင်များဖြစ်ပါတယ်။ သူတို့နဲ့အတူလက်တွဲပြီး ဆောင်ရွက်သူများက တရုတ်လေကြောင်းချီဒုံးကျည်အကယ်ဒမီနဲ့ အမျိုးသားအဆင့် စမ်းသပ်ခန်းတစ်ခုမှ ပညာရှင်များဖြစ်ပါတယ်။

အခုဖန်တီးထားတဲ့ နည်းပညာကို ဒုံးကျည်များရဲ့ အနီအောက်ရောင်ခြည်သုံးပုံရိပ်ဖော်စနစ်များမှာတပ်ဆင်သွားမှာဖြစ်တဲ့အတွက် ဒီနည်းပညာရဲ့ပစ်မှတ်အမျိုးအစားခွဲခြားနိုင်စွမ်းတိကျမှုက ၉၇ ဒသမ ၁ ရာခိုင်နှုန်းအထိရှိတယ်လို့သိရပါတယ်။

**Ref: SCMP**

# ဟော်မုရေလက်ကြား ပြန်ဖွင့်ပြီဟူသော အမေရိကန်ပြောဆိုချက် အီရန်ပယ်ချ

**တီဟီရန်၊ စစ်ရေး**

ဟော်မုရေလက်ကြား ပြန်ဖွင့်လိုက်ပြီဆိုတဲ့ အမေရိကန်တာဝန်ရှိသူများရဲ့ ပြောဆိုချက်ကို အီရန်ဘက်မှတာဝန်ရှိသူများကငြင်းဆိုလိုက်ပါတယ်။ "ဟော်မုရေလက်ကြားကို ပိတ်ဆို့ထားခြင်းမရှိတော့ဘူးဆိုတဲ့ အမေရိကန်တာဝန်ရှိသူများရဲ့ ပြောဆိုချက်များနဲ့ ထုတ်ပြန်ချက်များဟာ လက်တွေ့မြေပြင်အခြေအနေကို ပြောင်းလဲနိုင်ခြင်း မရှိပါဘူး" လို့ ပါရှန်းပင်လယ်ကွေ့ရေလက်ကြားအုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ထားတာပါ။ ပါရှန်းပင်လယ်ကွေ့ရေလက်ကြားအုပ်ချုပ်ရေးအဖွဲ့ဆိုတာ အီရန်ဘက်မှဟော်မုရေလက်ကြားထိန်းချုပ်ရေးဆိုင်ရာအာဏာပိုင်အဖွဲ့ဖြစ်ပါတယ်။

အဓိကက အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ရဲ့ပြောဆိုချက်တွေအပေါ် အီရန်က တုံ့ပြန်ထားတာပါ။ အမေရိကန်နိုင်ငံအနေနဲ့ ဟော်မုရေလက်ကြားကို အပြည့်အဝထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်းနဲ့ ရှေ့လျှောက်လည်းဆက်လက်ထိန်းချုပ်သွားမှာဖြစ်တဲ့အကြောင်း ထရမ့်ကလူမှုကွန်ရက်မှာတင်ထားတာပါ။ ဒါ့အပြင် အမေရိကန်ရဲ့ရေတပ်ပိတ်ဆို့မှုဆိုတာ အီရန်ဘက်ကစိန်မခေါ်ရဲတဲ့သံမဏိတံတိုင်းကြီးဖြစ်တယ်လို့လည်း ထရမ့်ကပြောထားပါတယ်။

**Ref: Xinhua**

# အိန္ဒိယက အာတိတ်လမ်းကြောင်းသွားမယ့် ပထမဆုံးသင်္ဘောကို လာမည့်နှစ်တွင်စေလွှတ်မည်

**နယူးဒေလီ၊ ကုန်သွယ်ရေး**

အိန္ဒိယနိုင်ငံက ရုရှားနိုင်ငံမြောက်ပိုင်းဒေသတစ်ခုလုံးနဲ့ဆက်စပ်နေတဲ့ အာတိတ်ဒေသလမ်းကြောင်းသွားမယ့် ပထမဆုံး ကုန်တင်သင်္ဘောတွေကို လာမယ့်နှစ်မှာ စေလွှတ်သွားဖို့ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ ရုရှားနိုင်ငံနဲ့



ကုန်သွယ်မှုပမာဏ ပိုမိုမြင့်မားလာစေရေးအတွက် ကြိုးပမ်းနေစဉ်မှာပင် အခုလိုလုပ်ဆောင်မယ့်အစီအစဉ်ကို ထုတ်ပြန်လာခဲ့တာပါ။

"၂၀၂၇ ခုနှစ်မှာ မြောက်ပိုင်းပင်လယ်လမ်းကြောင်းတစ်လျှောက်ပြေးဆွဲမယ့် ကုန်တင်သင်္ဘောတစ်စင်းကို ရှေ့ပြေးစီမံကိန်းအနေနဲ့ စေလွှတ်သွားဖို့စီစဉ်ထားပါတယ်" လို့ အိန္ဒိယရေကြောင်းသွားလာရေးဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန်က ရုရှားနိုင်ငံမှာကျင်းပတဲ့ Arctic-Regions Forum မှာ ဩဂုတ်လ ၁၃ ရက်ကထုတ်ဖော်ပြောခဲ့တာပါ။

အဲဒီလမ်းကြောင်းကို မြောက်ပိုင်းပင်လယ်လမ်းကြောင်းလို့ခေါ်ပြီး ရုရှားနိုင်ငံရဲ့အာတိတ်ဒေသကမ်းရိုးတန်းတစ်လျှောက်မှာတည်ရှိပါတယ်။ အကွာအဝေးက ကီလိုမီတာ ၅၆၀၀ ရှိတဲ့ဒီလမ်းကြောင်းက အရှေ့အာရှဒေသနဲ့ဥရောပဒေသတို့ကိုဆက်ပေးထားတဲ့ အတိုဆုံးကုန်သွယ်ရေးရေလမ်းကြောင်းကြီးဖြစ်ပါတယ်။

ရာသီဥတုပြောင်းလဲမှုနဲ့ ရေခဲပြင်များအရည်ပျော်ကျလာမှုတို့ကြောင့် အဲဒီလမ်းကြောင်းက ရာသီပေါ်မူတည်ကာပွင့်လာတတ်ပါတယ်။ ဒါပေမဲ့ ပတ်ဝန်းကျင်အခြေအနေက ပြင်းထန်လှတာကြောင့် အထူးပြုလုပ်ထားတဲ့ ရေခဲခွဲသင်္ဘောများလိုအပ်ပါလိမ့်မယ်။

အိန္ဒိယနိုင်ငံအတွက်မြောက်ပိုင်းပင်လယ်လမ်းကြောင်းက လက်ရှိအသုံးပြုတဲ့ ပင်လယ်ရေလမ်းကြောင်းဖြစ်တဲ့ စူးအက်တူးမြောင်းကနေ ဥရောပဆိပ်ကမ်းများကို သွားလာနဲ့ယှဉ်ရင် ခရီးလမ်းကြောင်းကို ၄၀ ရာခိုင်နှုန်းအထိလျှော့ချနိုင်ပါတယ်။ ခရီးသွားလာမှု ကြာမြင့်ချိန်ကိုလည်း သီတင်း နှစ်ပတ်အထိလျှော့ချနိုင်မှာဖြစ်တာကြောင့် ဒီလမ်းကြောင်းက အိန္ဒိယအတွက် အလွန်အကျိုးများတဲ့ကုန်သွယ်ရေးလမ်းကြောင်းဖြစ်ပါတယ်။ **Ref: RT**



# ဘင်္ဂလားဒေ့ရှ်မှာ လျှပ်စစ်ဓာတ်အားလျှော့ချ

**ဒါကာ၊ ပြည်တွင်းရေး**

အီရန်ပဋိပက္ခကြောင့် ကမ္ဘာတစ်ဝန်းမှာ စွမ်းအင်အကျပ်အတည်းရင်ဆိုင်နေရချိန်မှာပဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဓာတ်ငွေ့လုံလောက်မှုမရှိတော့တဲ့အတွက် နိုင်ငံထဲမှာ လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွေကိုလျှော့ချဖို့အစီအစဉ်တွေလုပ်ဆောင်နေပါတယ်။

ဩဂုတ်လ ၁၃ ရက်မှာစတင်အသက်ဝင်လာတဲ့ လျှပ်စစ်ဓာတ်အားချွေတာရေးအစီအစဉ်အရ ဈေးဆိုင်များ၊ ဈေးများနဲ့ ဈေးဝယ်စင်တာကြီးတွေက ည ၈ နာရီထိုးတာနဲ့ပိတ်ရမှာဖြစ်ပါတယ်၊ ဒါဟာပုံမှန်ထက် တစ်နာရီစောပြီးပိတ်ရတာပါ။ ဒါ့အပြင် တခြားစီးပွားရေးလုပ်ငန်းများအနေနဲ့ကလည်း နံနက် ၁၁ နာရီမှ ည ၈ နာရီအထိသာ လုပ်ငန်းများဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီအစီအစဉ်ထဲမှာ ဆေးရုံများ၊ ဆေးဆိုင်များ၊ အစားအသောက်နဲ့ ပတ်သက်တဲ့လုပ်ငန်းများကတော့ အကျုံးမဝင်ပါဘူး။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် သဘာဝဓာတ်ငွေ့များကို အဓိကအားထားနေရတာဖြစ်ပါတယ်။ အခုအချိန်မှာ သဘာဝဓာတ်ငွေ့ရရှိမှုလျော့နည်းလာတာကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုပမာဏကလည်း ကျဆင်းလာတာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးမှာဝန်အားချိန်ညှိခြင်းလုပ်ငန်းများကို လုပ်ဆောင်နေရတယ်လို့ သိရပါတယ်။

**Ref: ST**

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်အကူအညီများကို တတ်နိုင်သမျှဆက်လက်ပံ့ပိုးပေးသွားမည်



ပုသိမ် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးမှရေဘေးသင့်ပြည်သူများအတွက်လိုအပ်သည့်အကူအညီများကို တတ်နိုင်သမျှဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများအနေဖြင့် ရင်ဆိုင်နေရသည့် အခက်အခဲများကို စိတ်ဓာတ်မကျဘဲ အချင်းချင်းဖေးမကူညီရင်း အတူတကွကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ကြောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာပြည်သူများနှင့် တွေ့ဆုံစဉ် အားပေးစကားပြောကြားသည်။

အဆိုပါကျေးရွာ ပြည်သူများနှင့်တွေ့ဆုံစဉ် ဆန်ရိက္ခာ၊ ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများကိုထောက်ပံ့ပေးအပ်ပြီး ပြည်သူများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့ကလည်း အားပေးစကားပြောကြားကြပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး၊ အစာအဆိပ်သင့်မှုမဖြစ်စေရေး၊ မြွေအန္တရာယ်ကာကွယ်ရေးနှင့် တုပ်ကွေးကာကွယ်ဆေးထိုးပေးမည့် အစီအစဉ်များကို အသိပညာပေးဆွေးနွေးကာ လေးမျက်နှာမြို့နယ်ပညာရေးဌာနမိသားစုများနှင့် ရေဘေးသင့်ပြည်သူများအတွက် အင်္ဂပူမြို့နယ်ပညာရေးဌာန မိသားစုများက တာဝန်ရှိသူများထံ အလှူငွေများပေးအပ်ကြသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည်လေးမျက်နှာမြို့နယ်မိဿလင်ကုန်းကျေးရွာ ပြည်သူများအတွက် ဆန်ရိက္ခာ၊ ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ဟင်္သာတမြို့နယ် နိဗ္ဗာန်စံပြကျေးရွာရှိ အမျိုးသားပညာဝန်ဦးဖိုးကျား အထိမ်းအမှတ် သုတစွယ်စုံစာကြည့်တိုက်တွင် ဦးဖိုးကျား၏ စာအုပ်များ၊ မှတ်တမ်းဓာတ်ပုံများ ထိန်းသိမ်းထားရှိမှုနှင့် ပြည်သူများ စာအုပ်ငှားရမ်းဖတ်ရှုမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါခရီးစဉ်အတွင်း လေးမျက်နှာမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဇလွန်မြို့နယ်ရှိ ဧရာဝတီ-ဟင်္သာတတာကြံ့ခိုင်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် အလှည့်ကျကင်းလှည့်စောင့်ကြည့်မည့်အဖွဲ့များဖြင့် မပြတ်စောင့်ကြည့်သွားကြရန်မှာကြား

နေပြည်တော် ဩဂုတ် ၁၃

ဇလွန်မြို့နယ်ရှိဧရာဝတီ-ဟင်္သာတတာကြံ့ခိုင်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရန်၊ အလှည့်ကျကင်းလှည့်စောင့်ကြည့်မည့်အဖွဲ့များဖြင့် မပြတ်စောင့်ကြည့်သွားကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမိုလ်မိုလ်ကျော်က ယမန်နေ့က အဆိုပါတာအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မှာကြားခဲ့သည်။

ဧရာဝတီ-ဟင်္သာတတာ တာမိုင် (၃၀/၀) မှ (၃၀/၃)နေရာနှင့် တာမိုင် (၃၂/၀)မှ တာမိုင် (၃၂/၃)နေရာတို့ကို ရေခွေပြုလုပ်၍သဲအိတ်ချကာကွယ်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင် ဟင်္သာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ကျေးရွာအနီး ဟင်္သာတကမ်းနားတာ တာမိုင်(၅/၄)ရှိ ရေကင်းစခန်းအမှတ်(၉)အားလည်းကောင်း၊ တာမိုင် (၅/၃)ရှိ တာတမံနှင့် မြစ်ကမ်းအခြေအနေကိုလည်းကောင်း၊ ဖြတ်တာ (၁-၀)တာနှင့် မဲဇလီညွန့်ဖြတ်တာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာတမံထိခိုက်စေနိုင်သည့် အချက်များတွေ့ရှိပါက ကာကွယ်ရန်နည်းလမ်းများ၊ သတိပြုရမည့်အချက်များ၊ အချိန်မီကာကွယ်နိုင်ရေးလုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရန်လိုအပ်ချက်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်းပြီး စဉ်ဆက်မပြတ်ရေကင်းလှည့်ကြရန်၊ စုဆောင်းထားရှိသည့် အရေးပေါ်ပစ္စည်းများကို လိုအပ်သည့်နေရာများသို့ အမြန်ဆုံးသယ်ယူပို့ဆောင်နိုင်ရေးနှင့် ထပ်မံလိုအပ်ပါက ရေလမ်း၊ ကုန်းလမ်းမှဖြည့်စွက်ထားရှိနိုင်ရေးကြိုတင်စီစဉ်ထားရန် အသေးစိတ် ဆွေးနွေးမှာကြားခဲ့သည်။



ဩဂုတ်လ ၁၀ ရက် ညနေပိုင်းက လေးမျက်နှာမြို့နယ် သခွတ်ချောင်းကျေးရွာ ရေကင်းစခန်းအမှတ်(၂)အနီး တာမိုင် (၂၆/၃)မှ (၂၆/၄)အတွင်း၊ အုတ်အိုင်ကျေးရွာအနီး တာမိုင်(၂၇/၀)မှ(၂၇/၁)အတွင်း၊ အိုင်သပြုကျေးရွာအနီး တာမိုင် (၃၁/၂)မှ (၃၁/၃)အတွင်းရှိ ၀ဝန်ရေကာတာ၏ ကြံ့ခိုင်မှု၊ ၀ဝန်မြစ်ကြောင်းတစ်လျှောက် သဲသောင်ဖြစ်ပေါ်နေမှု၊ ကမ်းပြိုကမ်းစားဖြစ်ပေါ်နေမှု၊ အိုင်သပြုကျေးရွာအနီး Geotextile အစများဖြင့် ကမ်းပြိုကမ်းစားကာကွယ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်နေရာများတွင်ကမ်းပြိုကမ်းစားလျော့နည်းရေးနှင့်ရေကာတာများရေတိုက်စားမှုသက်သာစေရေးအတွက် ရေလမ်းကြောင်းပြန်တည့်ခြင်းနှင့်သဲသောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

➤ **ကျောဖုံးမှအဆက်**

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ညောင်ဦးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၈၅ စင်တီမီတာကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၅ စင်တီမီတာခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဆိပ်သာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၉ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၉၈ စင်တီမီတာကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၂၄ စင်တီမီတာကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၅ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည်ယနေ့နံနက်၆ နာရီခွဲ အချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၉၃ စင်တီမီတာကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၅ စင်တီမီတာခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ဘားအံမြို့နယ်၊ ဆိပ်သာမြို့၊ မဒေါက်မြို့နှင့် မြစ်ငယ်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

**နေရာကွက်၍ မိုးကြီးနိုင်**

နေပြည်တော် ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

### စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၀၂ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၃

စားသုံးသူပြည်သူများစားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရပါသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်မှ ၂၀ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၂ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်းသိရှိရပါသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရှိရပါသည်။

**မြဝတီ**

# မြစ်သားမြို့နယ်၌ လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးနေမှု ကွင်းဆင်းစစ်ဆေး

မြစ်သား ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုင်းလမ်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးမြင့်ဇော်၏ ကွင်းအမှတ် (၅၂၇) ဦးပိုင်အမှတ် (၁၈/၆) ရှိ လယ်မြေငါးဧကနှင့် အသင်းသားတောင်သူ ဦးအောင်ခင်၏ ကွင်းအမှတ်(၅၂၈) ဦးပိုင်အမှတ် (၂၄/၁) ရှိ လယ်မြေနှစ်ဧကတို့တွင် မိုးစပါး ရောပဒေသာမျိုးစိုက်ပျိုးနေမှုများကို ဩဂုတ်လ ၁၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက တောင်သူဦးကြီးများအနေဖြင့် မိုးစပါးစိုက်ပျိုးရာ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ခေတ်မီစိုက်ပျိုးနည်းစနစ်များကိုအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ရန်လိုအပ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် စိုက်ပျိုးမြေများကိုပြုပြင်ပြီး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်လိုအပ်ကြောင်း၊ ရေရရှိရေးနှင့်နည်းပညာများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မိုးစပါးစိုက်အသင်းသားတောင်သူများက သိရှိလိုသည်များကိုမေးမြန်းရာ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဖြေကြားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါမိုးစပါးစိုက်ပျိုးနေမှုကို မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြခြင်းဖြစ်ကြောင်း သိရသည်။

ဝါဝါမြင့်(ပြန်/ဆက်)

# ပခုက္ကူမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြော

ပခုက္ကူ ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မေဇင်လှိုင်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဦးက နှစ်အလိုက်ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများ၊ ၂၀၂၂ ခုနှစ် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများကိုလည်းကောင်း၊ စစ်ဆေးရေးမှူး(၃) ဦးဌေးဝင်းက မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် စက်ဘီးစီးနင်းသူများ လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

ယင်းနောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဗီဒီယိုပြသခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပြီး ယာဉ်မတော်တဆဖြစ်ပွားမှုလျော့ကျစေရေး လိုက်နာဆောင်ရွက်ရမည့် Quick Win ငါးချက်ကို ဉာဏ်စမ်းပဟေဠိမေးမြန်းခြင်းများ ဆောင်ရွက်ကာ အဖြေမှန်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# တမူးမြို့၌ အလွတ်တန်း (ကလပ်ပေါင်းစုံ) ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်လှစ်

တမူး ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ဈေးတန်းရပ်ကွက်ရှိ စက်ရောင်ဘီလူးအားကစားခန်းမ၌ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အလွတ်တန်း (ကလပ်ပေါင်းစုံ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဩဂုတ်လ ၁၂ ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ တမူးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုက ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် မိမိတို့အသင်းအောင်မြင်မှုရရှိစေရန်အတွက် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စိတ်ဓာတ်ကိုအခြေခံပြီး အားကစားစိတ်ဓာတ်ပြည့်ဝစွာ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ကြရန်နှင့် နိုင်ငံတော်မှ အားထားရသော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်အောင် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ကြရန် မှာကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကာ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီးနောက် အဖွင့်ပွဲစဉ်အဖြစ် ခရိုင်ရဲကလပ်အသင်းနှင့် D2 ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခရိုင်ရဲကလပ်အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသည်။



အဆိုပါ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အလွတ်တန်း (ကလပ်ပေါင်းစုံ) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကာလမှာ ဩဂုတ်လ ၁၂ ရက်မှ ၁၄ ရက်အထိဖြစ်ကြောင်း သိရသည်။

ရတနာ

# ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများထံ ဓာတ်မြေဩဇာဖြန့်ဖြူးပေးအပ်ပွဲနှင့် စာချုပ်ချုပ်ဆိုပွဲကျင်းပ

ဝါးခယ်မ ဩဂုတ် ၁၃

ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများထံ ဓာတ်မြေဩဇာဖြန့်ဖြူးပေးအပ်ပွဲနှင့် စာချုပ်ချုပ်ဆိုပွဲအခမ်းအနားကို ဩဂုတ်လ ၁၂ ရက်က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်ဇေယျခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်က ဓာတ်မြေဩဇာဖြန့်ဖြူးဆောင်ရွက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်တို့က အမှာစကားများ အသီးသီးပြောကြားကြပြီး တက်ရောက်လာသောတောင်သူများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်းများ ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ မြောင်းမြခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့်ကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ရီရီလွင်(ပြန်/ဆက်)

# အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၄၀၀၀၀ ကျော်စိုက်ပျိုးပြီးစီး



အိမ်မဲ ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၄၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်၌ စပါးလျာထားဧက ၁၄၃၀၁၀ ကို ယခုနှစ် မေလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် မိုးစပါးလျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်သည်။ အဆိုပါမိုးစပါးများ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

''အိမ်မဲမြို့နယ်မှာ မိုးစပါးဧက ၁၄၃၀၁၀ အထိ လျာထားစိုက်ပျိုးခဲ့တာ အခုဆိုရင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ်မှာ ရာသီဥတုကောင်းမွန်တာကြောင့် အခက်အခဲမရှိ စိုက်ပျိုးနိုင်ခဲ့တာဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့မိုးစပါးတွေ ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေကို စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးဆောင်ရွက်ပေးမှာပါ။ လိုအပ်တဲ့သွင်းအားစုတွေကိုလည်း စပါးမစိုက်မီအချိန်ကတည်းက ပံ့ပိုးကူညီပေးခဲ့ပါတယ်။ မိုးစပါးတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့အတူ တခြားစိုက်ပျိုးရေးနဲ့ဆက်စပ်တဲ့ဌာနတွေကလည်း ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် ပေါ်ဆန်းမွှေး၊ သီးထပ်ရင်၊ ရက် ၉၀၊ GW- 11၊ GW-1၊ ပခမ်း၊ ရှောမင်း၊ မနောသုခ၊ ကျားပျံ၊ ဆင်းသုခ၊ နံ့ကား၊ မြီးတိုး စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားပြီး အဆိုပါမိုးစပါးများ အထွက်နှုန်းကောင်းမွန်စေရန်၊ အပျက်အစီး အလေအလွင့်မရှိစေရန်၊ တစ်ကေချင်း အထွက်နှုန်းညီစေရန်၊ စပါးအရည်အသွေးကောင်းစေရန်နှင့် စနစ်တကျ ပြန်လည်ရိတ်သိမ်းနိုင်ရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဆက်လက်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

# ကိုပါအမေရိကဖလားပြိုင်ပွဲကို ၂၀၂၈ ခုနှစ်မှစတင်ပြီး လေးနှစ်လျှင်တစ်ကြိမ် ပုံမှန်ပြန်လည်ကျင်းပမည်




ဇျူးနီအေးရိစ် ဩဂုတ် ၁၃

တောင်အမေရိကဘောလုံးအဖွဲ့ချုပ်က ၂၀၂၈ ခုနှစ်မှစတင်ပြီး ကိုပါအမေရိကဖလားပြိုင်ပွဲကို လေးနှစ်လျှင်တစ်ကြိမ် ပုံမှန်ပြန်လည်ကျင်းပမည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ကိုပါအမေရိကဖလားပြိုင်ပွဲသည် တောင်အမေရိကဇုန်တွင် အဆင့်အတန်းအမြင့်မားဆုံးပြိုင်ပွဲတစ်ခုဖြစ်ပြီး ကိုပါအမေရိကဖလားပြိုင်ပွဲ စတင်ကျင်းပချိန်မှစပြီး ချီလီနိုင်ငံ၌ကျင်းပခဲ့သည့် ၂၀၁၅ ကိုပါအမေရိကဖလားပြိုင်ပွဲအထိ တခြားထိပ်တန်းပြိုင်ပွဲကြီးများဖြစ်သည့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ယူရိုဖလားပြိုင်ပွဲတို့ကဲ့သို့ လေးနှစ်လျှင် တစ်ကြိမ်ကျင်းပခဲ့သော်လည်း နောက်ပိုင်းပြိုင်ပွဲများတွင် လေးနှစ်လျှင်တစ်ကြိမ်မဟုတ်ဘဲ ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်သည်။

ကိုပါအမေရိကဖလားပြိုင်ပွဲကို နောက်ပိုင်းကာလတွင် လေးနှစ်လျှင်တစ်ကြိမ် ကျင်းပခြင်းမရှိတော့ဘဲ ၂၀၁၆ခုနှစ်တွင် ချီလီနိုင်ငံ၊ ၂၀၁၉ခုနှစ်နှင့် ၂၀၂၁ခုနှစ်တို့တွင် ဘရာဇီးနိုင်ငံ၊ နောက်ဆုံးအကြိမ်ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ်တွင် အမေရိကန်နိုင်ငံတို့၌ ကျင်းပခဲ့သော်လည်း လာမည့်ပြိုင်ပွဲကို လေးနှစ်လျှင်တစ်ကြိမ် ပြန်လည်ကျင်းပမည်ဖြစ်သည့်အတွက် ၂၀၂၈ ခုနှစ်မှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။

နောက်ဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းက ကိုလံဘီယာအသင်းကို အနိုင်ရရှိကာ ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ပြီးနောက် လက်ရှိချန်ပီယံအသင်းအဖြစ် ရပ်တည်နေပြီး အာဂျင်တီးနားအသင်းသည် စုစုပေါင်း ချန်ပီယံဆုဖလားခြောက်ကြိမ်အထိရယူထားကာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေကြောင်း သိရသည်။ ***Ref:One Football***

# ဘာစီလိုနာအသင်းက ကစားသမားဟောင်း လီဝန်ဒေါစကီးအား အသင်း၏ ဂန္ထဝင်ကစားသမားစာရင်းတွင် ထည့်သွင်းဖော်ပြ

ဘာစီလိုနာ ဩဂုတ် ၁၃

စပိန်ထိပ်တန်းကလပ် ဘာစီလိုနာအသင်းက အသင်း၏ တရားဝင်ဝက်ဘ်ဆိုက်တွင် အသင်းမှ ကစားသမားဟောင်းတစ်ဦးဖြစ်သည့် လီဝန်ဒေါစကီးအား အသင်း၏ဂန္ထဝင်ကစားသမား (Legendary Player)အဖြစ် ထည့်သွင်းဖော်ပြခဲ့ကြောင်း သိရသည်။

အသက် ၃၇ နှစ်အရွယ် လီဝန်ဒေါစကီးသည် ၂၀၂၂ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းမှ ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ကစားပြီး အသင်းနှင့်အတူ လေးရာသီကြာကစားခဲ့ကာ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည်။ လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲပြီးနောက် မေဂျာလိဂ်ကလပ် ချီကာဂိုဖိုင်းယားအသင်းသို့ အလွတ်ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

လီဝန်ဒေါစကီးသည် ဘာစီလိုနာအသင်းနှင့်အတူ လေးရာသီကြာပါဝင်ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၉၃ ပွဲအထိပါဝင်ကစားခဲ့ကာ သွင်းဂိုး ၁၂၀ သွင်းယူနိုင်ပြီးနောက် ဘာစီလိုနာအသင်းကအသင်းမှ ဂန္ထဝင်ကစားသမားများဖြစ်ကြသည့် အင်နီယေစတာ၊ ဇာဗီ၊ မက်ဆီစသည့် အသင်း၏ဂန္ထဝင်ကစားသမားစာရင်းတွင် ထည့်သွင်းဖော်ပြခဲ့ရခြင်းဖြစ်သည်။

လီဝန်ဒေါစကီးသည် ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါဖလားပြိုင်ပွဲတွင် ၂၀၂၃ ခုနှစ်၊ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တို့တွင် ချန်ပီယံဆုဖလားများဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ၂၀၂၅ ခုနှစ်တွင် ကိုပါဒယ်ရေးဖလား၊ ၂၀၂၃ ခုနှစ်၊ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တို့တွင်လည်း စပိန်စူပါဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လီဝန်ဒေါစကီးသည် ချီကာဂိုဖိုင်းယားအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာတွင် ယခုဘောလုံးရာသီ မေဂျာလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြလျက်ရှိပြီး ငါးပွဲကစားပြီးချိန်တွင် သုံးဂိုးသွင်းယူထားကြောင်း သိရသည်။

***Ref:Fabrizio Romano***

# အက်စ်တွန်ဗီလာအသင်းကို အနိုင်ရရှိပြီး ဥရောပစူပါဖလားကို ပီအက်စ်ဂျီအသင်း နှစ်ရာသီဆက်ဆွတ်ခူး




ဆဲလ်ဘတ် ဩဂုတ် ၁၃

ဥရောပစူပါဖလားဖိုလ်လုပွဲအဖြစ် အက်စ်တွန်ဗီလာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကစားရာ ပီအက်စ်ဂျီအသင်းက ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို နှစ်ရာသီဆက်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့ပြီး အက်စ်တွန်ဗီလာအသင်းက ယူရိုပါလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သည့်အတွက် ၂၀၂၆ ခုနှစ် ဥရောပစူပါဖလားဖိုလ်လုပွဲကိုကစားရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်အစပိုင်းတွင် အက်စ်တွန်ဗီလာအသင်းက ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့် ပီအက်စ်ဂျီအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူကာ ပြန်လည်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၂၀ တွင် ခါဗာရက်ခ်ီလီယာက ပီအက်စ်ဂျီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပထမပိုင်းပြီးဆုံးခါနီး ၄၅ မိနစ်တွင် မက်ခ်ဂျင်း၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် လူငယ်တိုက်စစ်ကစားသမား မက်ဒီဂျိုက အက်စ်တွန်ဗီလာအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန်ပထမပိုင်းတွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ပီအက်စ်ဂျီအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၆၁ မိနစ်တွင် ဒူအီက အက်စ်တွန်ဗီလာအသင်း ခံစစ်ကစားသမားများ၏ လူကျွံဖမ်းကစားမှုကို အကောင်းဆုံးကျော်ဖြတ်ပြီး ပီအက်စ်ဂျီအသင်းအတွက် ဒုတိယဂိုးသွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ပီအက်စ်ဂျီအသင်းက ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိပြီး ဥရောပစူပါဖလားချန်ပီယံဆုကို နှစ်ရာသီဆက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ချန်ပီယံလိဂ်ဖလားနှင့် ၂၀၂၅ ခုနှစ် ဥရောပစူပါဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီကလည်း ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့၍ လက်ရှိ ၂၀၂၆ ဥရောပစူပါဖလားကို ထပ်မံဆွတ်ခူးနိုင်သည့်အတွက် ချန်ပီယံလိဂ်ဖလားနှင့် ဥရောပစူပါဖလားတို့ကို နှစ်ရာသီဆက်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ ***Ref:B/R Football***

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းအတိုများ

❍ ဆော်ဒီထိပ်တန်းကလပ် အယ်ဟီလယ်အသင်းက ဂါလာတာဆာရေးအသင်းမှ အိုဆီမန်အားပြောင်းရွှေ့ကြေးစတာလင်ပေါင် ၆၅ သန်းဖြင့် ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

❍ အင်တာမီလန်အသင်းက စပါးအသင်းတောင်ပံခံစစ်ကစားသမား စပန့်ခ်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၁ ဒသမ ၅ သန်းဖြင့် ခေါ်ယူနိုင်ရန်သဘောတူညီမှုရရှိပြီးနောက် လာမည့်ရက်ပိုင်းအတွင်း ဆေးစစ်မှုများလုပ်ဆောင်ကာ အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

❍ မန်စီးတီးအသင်းက မာလ်ဆေးအသင်းမှ ဂိုးသမား ရူလီအား နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်းသိရသည်။

❍ ဘာစီလိုနာအသင်းက မန်စီးတီးအသင်းမှ ရိုဒရီအားခေါ်ယူရန် ကစားသမားဖြစ်သူနှင့်သဘောတူညီမှုရရှိပြီးနောက် မန်စီးတီးအသင်းထံ ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၆၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း မန်စီးတီးအသင်းက စတာလင်ပေါင် သန်း ၆၀ အပြင် အပိုဆုကြေး စတာလင်ပေါင် သန်း ၂၀ အလိုရှိနေကြောင်း သိရသည်။

❍ ဖီနာဘာချီအသင်းက နာပိုလီအသင်းမှ ဝါရင့်တိုက်စစ်ကစားသမား လူကာကူအား တစ်နှစ်စာချုပ်အပြင် နောက်ထပ် တစ်နှစ်သက်တမ်းတိုးခွင့်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

## ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား **Myawady Webportal**(www.myawady.net.mm/cadets)နှင့် **Myanmar National Portal**(https://bit.ly/4hQEmg3)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၂၇-၈-၂၀၂၆** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ဝ၃၆-၃ဝ၃၃၁၊ ဝ၃၆-၃ဝ၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**ပျောက်ဆုံးကြောင်း**
နေကြည်ဝင်း(ဘ)ဦးဝင်းစိန် ၁၂/ကခက(နိုင်)၁၃၇၂၆ဝ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၇၆၄၂၄၄၅ဝ၅

**အမည်မှန်**
လယ်ဝေးမြို့၊အ.မ.က(ဗောဓိကုန်း) Grade-4 မှ အဘ ဦးကျော်ကျော် ၅/ခဥန(နိုင်)၁၃၄၂၁၅ ၏သမီး မရွှေမှုံခြယ်၏အမည်မှန်မှာ မရွှေမှုံချယ်ဖြစ်ပါကြောင်း။
မရွှေမှုံချယ်

**ပျောက်ဆုံးကြောင်း**
နန္ဒမိုး(ဘ)ဦးကျော်မိုး ၁၂/ဥကမ(နိုင်)၂၉၉ဝ၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 780229)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၅၁၄၈၂၁၅

**ပျောက်ဆုံးကြောင်း**
ဝေမင်းကျော်(ဘ)ဦးသောင်းကြည် ၇/လပတ(နိုင်)၂ဝ၄၃၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 036899)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၆၇၁၃၅၂၄၈၉

**ပျောက်ဆုံးကြောင်း**
မနှင်းဆီ(ဘ)ဦးသော်ဇင် ၁၄/ပသန(နိုင်)၂၄၈၁၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၄၂ဝ၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မိုးမိုးခန့်(ဘ)ဦးဝင်းနိုင် ၇/ထတပ(နိုင်)၁၂၁၇၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၂၅၂၉၃ဝဝ၉၆

**ဖခင်အမည်မှန်**
ပဲခူးမြို့၊ မူလွန်ကျောင်းမှ ဒုလယ်ပြ ဒေါ်စောနန်းနွယ်၏ ဖခင်အမည်မှန်မှာ ဦးမောင်ငြိမ်း(ကွယ်လွန်)ဖြစ်ပါကြောင်း။
ဦးမောင်ငြိမ်း

**ဖခင်အမည်မှန်**
ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက တောင်ကလေး၊ Grade-9 မှ စောပိုင်ပိုင်ထွေး၏ ဖခင်အမည်မှန်မှာ စောစာဟေ ၁၄/ငပတ(နိုင်)ဝ၂၂၃၈၇ ဖြစ်ပါကြောင်း။
စောစာဟေ

**ပျောက်ဆုံးကြောင်း**
မေဇင်ဦး(ဘ)ဦးစိုးမြင့်ဦး ၁၄/ကခန(နိုင်)၁၂ဝ၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 464704)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၉၇၄၈ဝ၅၃၂၇

**ပျောက်ဆုံးကြောင်း**
စွမ်းလင်းထက်(ဘ)ဦးမင်းမင်း ၁၄/ကခန(နိုင်)၁၁၉ဝ၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 136130)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၉၇၄၈ဝ၅၃၂၇

**ဖခင်အမည်မှန်**
ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက တောင်ကလေး၊ Grade-9 မှ စခွဲဟိန်းထက်၏ ဖခင်အမည်မှန်မှာ မန်းဇော်ဇော် ၁၄/ငပတ(နိုင်)၁၄၄၈၈၅ ဖြစ်ပါကြောင်း။
မန်းဇော်ဇော်

**ဖခင်အမည်မှန်**
ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက တောင်ကလေး၊ Grade-12 မှ နန့်ဖောင်ဆန်းခလိန်၏ ဖခင်အမည်မှန်မှာ ဦးချောလေး ၁၄/ငပတ(နိုင်)ဝ၂၁၁၉၆ ဖြစ်ပါကြောင်း။
ဦးချောလေး

**ပျောက်ဆုံးကြောင်း**
မိုးမိုးဆွေ(ဘ)ဦးလှမြင့် ၉/ပဘန(နိုင်)၂၆၉၅၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၄၂ဝ၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဥမ္မာသင်း(ဘ)ဦးဝင်းအောင် ၉/ပဘန(နိုင်)၂၆၃ဝ၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၄၂ဝ၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
နှင်းနဒီအောင်(ဘ)ဦးခင်အောင်ဝင်း ၅/ကလဝ(နိုင်)ဝ၅၃၆၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 910265)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၉၇၄၈ဝ၅၃၂၇

**ဖခင်အမည်မှန်**
အထက(၅)ပုသိမ်၏ ၂ဝ၂၆-၂ဝ၂၇ ပညာသင်နှစ်၊ Grade-12 မှ နော်ထူးဘလုဖော၏ ဖခင်ဦးအောင်ငွေး၏အမည်မှန်မှာ စောအောင်ငွေး ၁၄/သပန(နိုင်)၁၁၈၂၄ဝ ဖြစ်ပါကြောင်း။
စောအောင်ငွေး

**ဖခင်အမည်မှန်**
အထက(၅)ပုသိမ်၏ ၂ဝ၂၆-၂ဝ၂၇ ပညာသင်နှစ်၊ Grade-12 မှ စသ္ဒီဖိုင့်၏ ဖခင်မန်းသန်းကျော်၏အမည်မှန်မှာ ဦးသန်းကျော် ၁၄/လပတ(နိုင်)၁၃ဝ၁ဝ၆ ဖြစ်ပါကြောင်း။
ဦးသန်းကျော်

**ဖခင်အမည်မှန်**
အထက(၅)ပုသိမ်၏ ၂ဝ၂၆-၂ဝ၂၇ ပညာသင်နှစ်၊ Grade-12 မှ နော်အစ္စတာဂျော၏ ဖခင်ဦးစောဂျောဘို၏အမည်မှန်မှာ စောဂျောဘို ၁၄/လပတ(နိုင်)၁ဝ၈၆၃၇ ဖြစ်ပါကြောင်း။
စောဂျောဘို

**ဖခင်အမည်မှန်**
အထက(၅)ပုသိမ်၏ ၂ဝ၂၆-၂ဝ၂၇ ပညာသင်နှစ်၊ Grade-12 မှ နော်စေးဘလုဖော၏ ဖခင် စောကော်စေး၏အမည်မှန်မှာ ဦးကော်စေး ၁၄/ပစလ(နိုင်)ဝ၃၉၉၉၃ ဖြစ်ပါကြောင်း။
ဦးကော်စေး

**ပျောက်ဆုံးကြောင်း**
ဝင်းမာဦး(ဘ)ဦးဆန်းထူး ၉/ကပတ(နိုင်)၂၆၉၈၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၄၅၉၇၅၁၆၃၇

**အမည်မှန်**
အထက(၅)ပုသိမ်၏ ၂ဝ၂၆-၂ဝ၂၇ ပညာသင်နှစ်၊ Grade-12 မှ အဘ ဦးဘိုဘို ၁၄/ပစလ(နိုင်)ဝ၃၈၇၉၉ ၏သမီး မနန္ဒာဦး၏အမည်မှန်မှာ နန့်နန္ဒာဦးဖြစ်ပါကြောင်း။
နန့်နန္ဒာဦး

**ဖခင်အမည်မှန်**
အမက၊ ယိုးဒယားကုန်း၊ ပုသိမ်၏ ၂ဝ၂၆-၂ဝ၂၇ ပညာသင်နှစ်၊ Grade-4 မှ မောင်ပြည့်စုံဖြိုး၏ဖခင် ဦးစည်သူအောင်ဟိန်း၏အမည်မှန်မှာ ဦးစိုးလွင် ၁၄/လပတ(နိုင်)၁၁၅၁ဝ၇ ဖြစ်ပါကြောင်း။
ဦးစိုးလွင်

**ဖခင်အမည်မှန်**
အထက(၅)ပုသိမ်၏ ၂ဝ၂၆-၂ဝ၂၇ ပညာသင်နှစ်၊ Grade-12 မှ နော်အယ်ကလူဖော၏ ဖခင်ဦးဝေးလေ၏အမည်မှန်မှာ စောဝေးလေ ၁၄/လပတ(နိုင်)ဝ၁၅၇၅၂ ဖြစ်ပါကြောင်း။
စောဝေးလေ

**ပျောက်ဆုံးကြောင်း**
ထက်ပိုင်အောင်(ဘ)ဦးသိန်းလှိုင် ၁၂/ဥကမ(နိုင်)၂၅၄၂၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 230593)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၇၆ဝ၇၄၈၈၅

**ပျောက်ဆုံးကြောင်း**
အံ့ရဲ(ဘ)ဦးလှမြင့် ၇/ပခန(နိုင်)၃၁၆၅ဝဝ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၄၅၅ဝ၅၃၅၃၇

**ပျောက်ဆုံးကြောင်း**
မေနှင်းခိုင်(ဘ)ဦးဇော်ဝမ်း ၉/မခန(နိုင်)၂၉၆၃၃ဝ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၇၉၇၉ဝ၃ဝ၇၆

**ပျောက်ဆုံးကြောင်း**
ဗန်ဇာလ်ဘွဲ့(ဘ)ဦးထျန်ခေါ်လျန် ၄/ဖလန(နိုင်)ဝ၄၈၃၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၉၇၄၈ဝ၅၃၂၇

**ပျောက်ဆုံးကြောင်း**
ရန်ခွေချန်(ဘ)ဦးရန်ပန် ၁၃/မဆတ(နိုင်)ဝ၄၇၆၃ဝ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၄၂၃၆၅၉၇ဝ၆

**ပျောက်ဆုံးကြောင်း**
ရဲမင်းအောင်(ဘ)ဦးချစ်ရွှေ ၁၂/တကန(နိုင်)၁၈၄၁၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 574535)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၄၅ဝ၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
မေချယ်ရီထွန်း(ဘ)ဦးခင်မောင်ထွန်း ၁၂/မဘန(နိုင်)၁၆၂၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 023752)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၄ဝ၃၅၂၃၉၃၄

**"Shan Yarzar Co.,Ltd."**
**မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂**
**မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅ဝ တို့အရ**
**ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်**
**ဖျက်သိမ်းရန်ကြေညာခြင်း**

၁။ "Shan Yarzar Co.,Ltd." ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၃-၇-၂ဝ၂၆) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသောအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း(B.Com, C.P.A)၊ အမှတ်(၁၇၈)၊ မီနီကွန်ဒို၊ မြေညီထပ်(ဘီ)၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၃၁-၈-၂ဝ၂၆)ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးစိုးဝင်းလှိုင်(ခ)ဦးအောင်ကောင်းမြတ် | ဦးစိန်ကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com. C.P.A) |
| Shan Yarzar Co.,Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ၏ ဒါရိုက်တာအဖွဲ့ကိုယ်စား | ဖုန်း-ဝ၉-၅၁၂၅၉၈၅ |

**DE XIN MYANMAR GARMENT COMPANY LIMITED**
**မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ (၁၄၇)အစုရှင်များ၏ဆန္ဒအရ**
**စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂ဝ၂၆ ခုနှစ်၊ ဩဂုတ်လ(၁၃)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူ Mr. Peng Guowen မှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကိုချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့် လူမှုခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအရ ၂ဝ၂၆ ခုနှစ်၊ ဩဂုတ်လ(၁၃)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် သဘောတူ ဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအားဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း Insolvency Practitioner No.103594 အား စာရင်းရှင်းလင်းဖျက် သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်း နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| Peng Guowen | U SHIN NYEIN (H.G.P., LL.,B) |
| Managing Director | HIGH COURT ADVOCATE |
| De Xin Myanmar Garment | INSOLVENCY PRACTITIONER(103594) |
| Company Limited | YANGON, MYANMAR. TEL: 09-5043046 |

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

ဝမ်းတွင်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ သိမ်တော်လေးရပ်၊ ဘုန်းကြီးကျောင်းအရှေ့ဘက်ဆေးရုံကြီးအနောက်ဘက်လမ်းနေ ဦးအောင်ကိုလွင်(၉/မသန(နိုင်)ဝဝ၁၁၂ဝ)ကိုင်ဆောင်သူမှ(အလျား ၇ဝ'-ဝ"x အနံ ၆ဝ'-ဝ")ဝိုင်းအတွင်း(အလျား ၃ဝ'-ဝ"x အနံ ၃ဝ'-ဝ")RC(၂)ထပ် အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့**


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


AUNG THITSA OO INSURANCE
အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်အား
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563


ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်
INNWA BANK LIMITED
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ဘဏ်အာမခံလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
INNWA BANK
MYANMAR ECONOMIC CORPORATION
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၃၆)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER )(၀၃) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား ဂရုစိုက်ကူညီမြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၃
INNWA BANK LIMITED

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**
၁၃-၈-၂၀၂၆

| | | | | |
|---|---|---|---|---|
| မုဒုံ | ၅ ဒသမ ၁၉ လက်မ | | ဖျာပုံ | ၄ ဒသမ ၀၁ လက်မ |
| စစ်တွေ | ၄ ဒသမ ၈၁ လက်မ | | ကျိုက္ခမီ | ၃ ဒသမ ၇၀ လက်မ |
| ချောင်းဆုံ | ၄ ဒသမ ၂၅ လက်မ | | ကျိုက်မရော | ၃ ဒသမ ၆၆ လက်မ |
| ဒေးဒရဲ | ၄ ဒသမ ၁၇ လက်မ | | ကျောက်ဖြူ | ၃ ဒသမ ၆၀ လက်မ |
| မော်လမြိုင် | ၄ ဒသမ ၀၆ လက်မ | | ကျုံပျော် | ၃ ဒသမ ၅၀ လက်မ |

# လေးမျက်နှာမြို့ ပေါ်ရပ်ကွက်များနှင့်ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ကျုံပျော်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအတွက် သောက်သုံးရေနှင့်စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်တွင် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုဖြစ်ပွားခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက်(၅)ခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂၀ ရွာ၊ ဟင်္သာတမြို့နယ်အတွင်းရှိ ကျေးရွာ ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက် ၄ ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၇ ရွာ၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့ရှိ မြို့ပေါ်ရပ်ကွက် ၂ ခု၊ ကျုံပျော်မြို့ရှိ မြို့ပေါ်ရပ်ကွက် ၂ ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၉ ရွာ၊ စုစုပေါင်း **စာမျက်နှာ ၁၅ ကော်လံ ၁ ⇨**



# အမျိုးသားပြတိုက်(ရန်ကုန်)သို့ ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ၏သမိုင်းကြောင်းကို လေ့လာသိရှိရန်၊ အမျိုးသားရေးအသိစိတ်နှင့်မိမိနိုင်ငံ၏အမွေအနှစ်များအပေါ် တန်ဖိုးထားထိန်းသိမ်းလိုစိတ်တိုးပွားစေရန်၊ အနာဂတ်မျိုးဆက်များအတွက် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်နှင့် အသိပညာရရှိစေရန် **စာမျက်နှာ ၁၂ ကော်လံ ၁ ◆**

## အိမ်မဲမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၄၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

စာ - ၂၇ သို့

## တမူးမြို့၌ အလွတ်တန်း (ကလပ်ပေါင်းစုံ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်လှစ်

စာ - ၂၇ သို့

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲစတင်ကျင်းပ




ရန်ကုန် ဩဂုတ် ၁၃

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ အမျိုးသား ၅၁ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို (ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို (ဂ အဆင့်) ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ **စာမျက်နှာ ၂၅ ကော်လံ ၁ ▼**

**ကျန်းမာရေးဆောင်းပါး**

## မြန်မာ့ရာသီပေါ်အစားအစာ တညင်းသီးနှင့် ကျန်းမာရေးပြဿနာ



စာ - ၈ သို့

# ဧရာဝတီမြစ်ရေ မြင်းမူ၊ ပခုက္ကူ၊ ညောင်ဦး၊ ဆိပ်သာ၊ ဘားအံ၊ မဒေါက်နှင့် မြစ်ငယ်မြို့တို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၃

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၇ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီးနောက် တစ်ရက်အတွင်း ၁၅ စင်တီမီတာခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၀ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီးနောက် ၁ ရက်အတွင်း ၅ စင်တီမီတာခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **စာမျက်နှာ ၂၄ ကော်လံ ၁ ➤**

# Falcon အသင်း သစ္စာအားမာန်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



ရန်ကုန် ဩဂုတ် ၁၃

2026 MNL U–20 လူငယ်လိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၃)ပထမနေ့ပွဲစဉ်ကို ယနေ့ညနေပိုင်းတွင် Falcon အသင်းနှင့် သစ္စာအားမာန်အသင်းတို့ လှိုင်မြို့နယ်ရှိ YUSC ကွင်း၌ယှဉ်ပြိုင်ကစားရာ Falcon အသင်းက ဒုတိယပိုင်းသွင်းဂိုးများဖြင့် သစ္စာအားမာန်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**စာမျက်နှာ ၂၆ ကော်လံ ၃ ⇛**

**နိုင်ငံတကာသတင်း**

## တရုတ်က AI နည်းပညာသုံးပြီး ကိုယ်ပျောက်တိုက်လေယာဉ်များကို ခြေရာခံလာနိုင်

စာ - ၂၃ သို့

## အိန္ဒိယက အာတိတ်လမ်းကြောင်း သွားမယ့် ပထမဆုံးသင်္ဘောကို လာမည့်နှစ်တွင်စေလွှတ်မည်

စာ - ၂၃ သို့